# ကြေးမုံ

*The* **Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 14 November 2017 ၉၁၀၈


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)




(၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် (၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား၊ (၃၁) ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး (Plenary Session)၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ (ASEAN BAC)၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ (၂၀)ကြိမ်မြောက် အာဆီယံ- တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၂၀)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မနီလာမြို့ Cultural Center of the Philippines(CCP)၌ ကျင်းပသည့် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့က ဖွင့်ပွဲအခမ်းအနားနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား Cultural Center of the Philippines(CCP)အဝင်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂


၂၀၁၇ ခုနှစ် (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ — စာမျက်နှာ - ၃

တစ်ဖက်နိုင်ငံမှ ပြန်လာသူများအား ပြန်လည်လက်ခံမည့် စခန်းများနှင့် ဒေသခံတိုင်းရင်းသား နေအိမ်အဆောက်အအုံများ လပိုင်းအတွင်း အပြီးတည်ဆောက်မည် — စာမျက်နှာ - ၁၁

ပြည်တွင်းဖြစ် စက်ပစ္စည်းများ ပါဝင်မှု မြှင့်တင်ကာ တမီလ်နာဒူးပြည်နယ်၌ အဏုမြူဓာတ်အားစက်ရုံ တိုးချဲ့ — စာမျက်နှာ - ၄





ကြေးမုံ

# သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

ယနေ့လူထုကြားတွင် အရွယ်သုံးပါးမရွေး စိတ်ဝင်စားမှု အရှိဆုံး၊ ရေပန်းအစားဆုံး၊ အနှစ်သက်ဆုံး ပစ္စည်းတစ်မျိုးမှာ မိုဘိုင်းလ်ဖုန်း ဖြစ်သည်။ မိုဘိုင်းလ်ဖုန်းကို တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရန်သာမက စိတ်ခံစားမှုနှင့် အသိအမြင် တိုးပွားစေရန်အတွက်ပါ အသုံးချလာနိုင်သဖြင့် လူတိုင်းလူတိုင်းအတွက် အသုံးဝင်သော ပစ္စည်းတစ်မျိုးဖြစ်လာသည်။ လူမှုဘဝ တိုးတက်ပြောင်းလဲလာသော ယနေ့အခါတွင် မိုဘိုင်းလ်ဖုန်းကို နိုင်ငံအတွင်းရှိ အရွယ်ရောက်သူအားလုံးနီးပါး အသုံးပြုနေသည်ကို တွေ့ရသည်။

မိုဘိုင်းလ်ဖုန်းအား မြတ်နိုးတန်ဖိုးထားလာမှု အနေအထားကို ကြည့်မည်ဆိုလျှင် ငွေကြေးတတ်နိုင်သူ လူငယ်၊ လူကြီး အများစုမှာ အမျိုးအစားအကောင်းဆုံး၊ နာမည်အရှိဆုံး၊ တန်ဖိုးအကြီးဆုံး၊ နည်းပညာအမြင့်ဆုံး ဖုန်းအမျိုးအစားကိုသာ ကိုင်တွယ်အသုံးပြုလိုကြပြီး အချိန်နှင့်တစ်ပြေးညီ ပေါ်ထွက်နေသော မော်ဒယ်အမျိုးအစားတို့ကိုလည်း ပေါ်လျှင်ပေါ်ချင်း အလုအယက် ဝယ်ယူတတ်ကြသည်ကို တွေ့ရသည်။

သာဓကအားဖြင့် နိုဝင်ဘာလ ၃ ရက်နေ့က ကမ္ဘာတစ်ဝန်းတွင် စတင်ဖြန့်ချိ ရောင်းချခဲ့သည့် အဖိုးတန် ဓာတ်သတ္တုပစ္စည်းများနှင့် အလှဆင်ထားသော iPhone X အမျိုးအစား မိုဘိုင်းလ်ဖုန်းဆိုလျှင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၇၀၀ ကျော်ခန့် ဈေးရှိကာ မြန်မာငွေတန်ဖိုးအားဖြင့် ကျပ် ၆၅ သိန်းခန့် တန်ရှိလေသည်။ အဆိုပါ မိုဘိုင်းလ်ဖုန်းကို ဝယ်ယူနိုင်ရန်အတွက် စတင်ရောင်းချမည့် ရက်မတိုင်မီကပင် ဝယ်ယူလိုသူများ ညအိပ်တန်းစီ စောင့်ဆိုင်းခဲ့ကြပြီး တစ်ဆင့်ပြန်လည်ရောင်းချသည်အထိ မှောင်ခိုဈေးကွက်ဖြစ်သွားခဲ့ရာ အဆင့်မြင့် မိုဘိုင်းလ်ဖုန်းတစ်လုံး ပိုင်ဆိုင်နိုင်ရန်အတွက် ရူးသွပ်မှုမှာ အံ့သြဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ဤမျှလောက် ရူးသွပ်မှုမဖြစ်သော်လည်း လူတန်းစားမရွေး အဆင့်မြင့်မြင့် မိုဘိုင်းလ်ဖုန်း ကိုင်ဆောင်ရမည့်အရေးကို မျှော်လင့်ထားကြသည်။ အဆင့်မနိမ့် သင့်တင့်ကောင်းမွန်သော မိုဘိုင်းလ်ဖုန်းတစ်လုံး ပိုင်ဆိုင်နိုင်ရေးကို မြို့ပြတွင်သာမက ကျေးလက်လူတန်းစားများပါ မျှော်မှန်းတတ်ကြသည်။ ဝမ်းမဝလျှင်နေ၊ မိုဘိုင်းလ်ဖုန်း ကောင်းကောင်းလှလှလေးတစ်လုံး ပိုင်ဆိုင်နိုင်ရေးကို အားထုတ်တတ်ကြသည်။

မိုဘိုင်းလ်ဖုန်း ကိုင်တွယ်အသုံးပြုရေးမှာ ခေတ်နှင့်အညီမို့ အပြစ်ဟု မဆိုသာပါချေ။ သို့သော် "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး" ဆိုသကဲ့သို့ မိုဘိုင်းလ်ဖုန်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ များစွာရှိနေသည်ကို သတိမူရမည်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ဝင်ငွေနည်းသူ ပြည်သူအများစုအဖို့ မိုဘိုင်းလ်ဖုန်းကို စနစ်တကျ အသုံးပြုမှု မရှိပါက လူတစ်ဦးချင်းအလိုက် အနုတ်လက္ခဏာပြနိုင်သည်ကို သတိထားသင့်သည်။

မိုဘိုင်းလ်ဖုန်းကို အနိမ့်ဆုံးအဆင့် ဆက်သွယ်ပြောဆိုမှုအပြင် ကောင်းနိုးရာရာ၊ သန်ရာသန်ရာ အသုံးပြုလိုမှုအရ အင်တာနက်ကိုပါ ဖွင့်သုံးလေ့ရှိကြရာ သုံးစွဲမှု စက္ကန့်၊ မိနစ်၊ နာရီ ကြာသည်နှင့်အမျှ မိမိအိတ်ကပ်အတွင်းမှငွေများ ပါသွားသည်ကို မမေ့သင့်ပေ။ ထို့ကြောင့် မိုဘိုင်းလ်ဖုန်းကို အချို့က "အိမ်တွင်း သူခိုး"ဟု ဆိုကြသည်သာမက အလုပ်ပျက်၊ အကိုင်ပျက် အသုံးပြုမှုကြောင့် အချိန်ကုန်၊ ငွေခန်း၊ ကျန်းမာရေးပါ ထိခိုက်နိုင်သဖြင့် သတိထားဆင်ခြင်ကိုင်တွယ်အသုံးပြုတတ်သူများလည်း ရှိပါသည်။

မိုဘိုင်းလ်ဖုန်း ခေတ်စားလာခြင်း၏ အဓိကအကြောင်းအရင်းမှာ နည်းပညာများ ပါဝင်လာမှုနှင့် ဆိုရှယ်မီဒီယာ သို့မဟုတ် လူမှုကွန်ရက် ကျယ်ပြန့်လာသောကြောင့် ဖြစ်နိုင်သည်။ မျက်မှောက်ကာလ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ကမ္ဘာကြီးအတွင်း ဖြစ်ပျက်ပြောင်းလဲမှုများကို အလွယ်တကူသိရှိနိုင်သလို တစ်ဦးနှင့် တစ်ဦး အရုပ်၊ အသံ၊ စာများဖြင့်ပါ ထိတွေ့လာနိုင်သည်။ ယင်းအပေါ်တွင် ကောင်းကျိုးနှင့်ဆိုးကျိုးများပါ ယှဉ်တွဲပေါ်ပေါက်လာတတ်သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ အသုံးပြုသူများအနေဖြင့် သတိထားဆင်ခြင်ပြီး မိမိအတွက် အကျိုးမယုတ်အောင် ချင့်ချိန်တတ်ဖို့သာ လိုရင်းဖြစ်သည်။ အသိပညာ တိုးပွားမှုများ၊ အသိပညာ ဖလှယ်မှုများကို ရယူမျှဝေနိုင်သလို အမုန်းတရားများ၊ လှည့်ဖြားမှုများ၊ လွဲမှားသော အချက်အလက်များကိုလည်း သတိမူတတ်ရန် လိုပေသည်။ ယခုအခါ နည်းပညာတိုးတက်မှုနှင့်အတူ မလွဲမသွေရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအား ကျော်လွှားပြီး ဆိုရှယ်မီဒီယာ သို့မဟုတ် လူမှုကွန်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များအား အဖြေထုတ်ပေးနိုင်မည့် လူငယ်နှင့် ဆိုရှယ်မီဒီယာစကားဝိုင်းများ ပေါ်ပေါက်လာသည်မှာ ကောင်းသော လက္ခဏာဖြစ်သည်။

သို့ဖြစ်ရာ "သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေး" ဆိုသကဲ့သို့ အကျိုးများ၊ အဆိုးများ ရောပြွမ်းနေသော မိုဘိုင်းလ်ဖုန်းဆိုင်ရာ နည်းပညာနှင့် အသုံးချမှုများကို စနစ်တကျ သတိမူအသုံးပြုခြင်းဖြင့် ခေတ်ရေစီးကြောင်းတွင် လိုက်ပါသင့်ကြောင်း စေတနာကောင်းဖြင့် အကြံပြုအပ်ပါသည်။ ။

# ဘဝသုခအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိတိုက်တော်ကြီးအား ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတည်ထားကိုးကွယ်လျက်ရှိသော ဘဝသုခအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိတိုက်တော်ကြီးအား ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရာဘိဝံသနှင့် ဆရာတော်ကြီးများက ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။



ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည်။

ယင်းနောက် အလှူရှင် ဒေါက်တာသန်းနိုင်၊ ဇနီး ဒေါ်ဝေဝေ (Success) သောက်ရေသန့် မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

**သတင်းစဉ်**

# (၉၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ NLD ဌာနချုပ်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

(၉၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီ အရေးတော်ပုံတွင် အသက်ပေးခဲ့သော ရဟန်း ရှင်လူ ကျောင်းသား ပြည်သူများ အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။




ယင်းနောက် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယခုအချိန်တွင် မိမိတို့သည် အဆင့်မြင့်သည့်နိုင်ငံရေး ၊ သိက္ခာရှိသည့်နိုင်ငံရေးကို အခြေခံပြီး ညီညွတ်ငြိမ်းချမ်းသည့် နိုင်ငံသစ်ဆီသို့ ချီတက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်ပေါင်းစုံ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကိုလည်း ပြည်သူနှင့်အတူပူးပေါင်းပြီး မဆုတ်မနစ်ရင်ဆိုင်ဖြေရှင်းလျက်ရှိပါကြောင်း၊ အထူးသဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သလို လတ်တလော အန္တရာယ်ဖုန်အတွင်းမှာ ကျရောက်နေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ပြဿနာသည်လည်း ပဓာနကျ ဖြေရှင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

မိမိတို့သည် မိမိနိုင်ငံ၏ အမျိုးသားအမှတ်သရုပ်နှင့် အမျိုးသားဂုဏ်သိက္ခာကို လည်းကောင်း၊ မိမိနိုင်ငံ၏ အမျိုးသားလုံခြုံတည်ငြိမ်ရေးနှင့် အမျိုးသား အချုပ်အခြာအာဏာတည်တံ့ရေးတို့အတွက် လည်းကောင်း ရှုန်းကန် ကာကွယ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်း ပြဿနာသည် မြန်မာတစ်နိုင်ငံလုံး၏ ပြဿနာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အမှန်တရားနှင့်အတူ နေထိုင်အလုပ်လုပ်ရင်း၊ အမှားတရားများကို ချေဖျက်ရင်း၊ အမျိုးသားသင့်မြတ်ရေးကို အခြေခံသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်သို့ ဦးလည်မသုန် ချီတက်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး မုံရွာ ဦးအောင်ရှင်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ (၉၇)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကြေညာချက်အား ဖတ်ကြားပြီး ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က "အမျိုးသားနေ့ဆိုတာ သမိုင်းတန်ဖိုး ကြီးမားပါတယ်၊ ဒီလိုနေ့ကို စတင် ဖြစ်ပေါ်လာအောင် လှုပ်ရှားဆောင်ရွက်ခဲ့တဲ့ ကျွန်တော်တို့ရဲ့သူရဲကောင်းတွေနဲ့ ဒီလိုပွဲကြီးကို မြန်မာပြည်အနှံ့မှာ ကျင်းပနိုင်အောင် စဉ်ဆက်မပြတ် ပေးဆပ်မှုမျိုးစုံနဲ့ ပေးဆပ်ခဲ့ကြတဲ့ တိုက်ပွဲဝင်ရဲဘော်အပေါင်းကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ အခုလိုလာရောက်ခဲ့တာပါ၊ ဒီလိုပွဲတွေ များများ လုပ်ပေးခြင်းအားဖြင့် အမျိုးသားနေ့နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ သမိုင်းတန်ဖိုးတွေ၊ နိုင်ငံရေးဆိုင်ရာအတွေးအခေါ်သစ်တွေကို လူငယ်တွေရရှိစေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခု အခမ်းအနားကို အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း) နှင့် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) တို့က (၉၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ ပြုလုပ်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ငြိမ်းချမ်းရေးမှ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ပန်ဆန်းမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ 'ဝ'အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးပေါက်ယူချမ်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပန်ဆန်းမြို့ 'ဝ' အထူးဒေသ(၂)အစည်းအဝေးခန်းမတွင် ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန် ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက 'ဝ'အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန်ထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပန်ဆန်းမြို့ရှိ ပံသုသိင်္ဂီစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မဟာဝန်ဘုန်းတော်ကြီးကျောင်းတွင် ပန်ဆန်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပန်ဆန်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပန်ဆန်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ပန်ဆန်း-မိုင်းပေါက်-မိုင်းယန်း-ဆီလူး-မိုင်းလားလမ်းတစ်လျှောက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းလားမြို့သို့ ရောက်ရှိကြပြီး မိုင်းလားအထူးဒေသ(၄) အစည်းအဝေးခန်းမတွင် ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် မိုင်းလားအထူးဒေသ(၄)ရှိ ဒွေနဂရစေတီတော်နှင့် ရဟန်းသံဃာတော်များ သီတင်းသုံးရာကျောင်းဆောင် ပြန်လည်မွမ်းမံရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ လှူဒါန်းငွေကျပ်သိန်း ၇၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့က မိုင်းလားအထူးဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းထံ ပေးအပ်သည်။



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်အဖွဲ့ ပန်ဆန်း 'ဝ' အထူးဒေသ (၂)မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပန်ဆန်းမြို့၌ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက တိုင်းရင်းသားခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မိုင်းလားမြို့ ဒွေနဂရစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မိုင်းလားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့သို့ ရောက်ရှိစဉ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

၂၀၁၇ ခုနှစ် (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားနှင့် မြို့မကျောင်း နှစ်(၁၀၀)ပြည့်အကြိုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မြို့မ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် ဒဂုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၉၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကား ပြောကြားရာတွင် မြို့မအမျိုးသားအထက်တန်းကျောင်းသည် သမိုင်းအစဉ်အလာ ကြီးမားစွာနှင့် အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်သည့် ပညာတတ်လူငယ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၂၀ ခုနှစ်တွင် ပထမအကြိမ် ကောလိပ်ကျောင်းသားများ သပိတ်ကာလအတွင်း ရွှေတိဂုံစေတီတော် မြို့မကျောင်းကြီး စတင်သန္ဓေတည်ခဲ့ပါကြောင်း၊ ယင်းအချိန်က ကောလိပ်ကျောင်းသား ကျောင်းသူများက အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူငယ်လေးများကို ဇရပ်များတွင် စာသင်ခန်းများဖွင့်ပြီး ပထမတန်းမှ ဒသမတန်းအထိ သင်ပေးခဲ့ကြပါကြောင်း၊ ရန်ကုန်မြို့တင်မကဘဲ တစ်နိုင်ငံလုံးတွင် ကျောင်းများဖွင့်ပြီး သင်ကြားကြရန် တစ်နိုင်ငံလုံးကို ဆော်ဩခဲ့ရာမှ အမျိုးသားကျောင်းပေါင်း ၉၃ ကျောင်း ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျောင်းများ စတင်တည်ထောင်စက နေရှင်နယ်ကျောင်း၊ တိုင်းရင်းသားကျောင်းဟု ခေါ်ဝေါ်ခဲ့ကြပြီး မြို့မကျောင်းကို ဗဟိုနေရှင်နယ်ကျောင်းဟု အမည်ပေးခဲ့ပါကြောင်း၊ ကျောင်းတည်ထောင်သည့် နေ့ရက်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရသည့်အတွက် မြို့မအမျိုးသားကျောင်းကြီး၏ သက်တမ်းသည် လာမည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် နှစ်ပေါင်း ၁၀၀ ပြည့်တော့မည်ဖြစ်ပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ပြီးသည့်နောက်ပိုင်းတွင် မြို့မကျောင်းမှ ရွှေတိဂုံစေတီတော်သို့ နံနက်စောစောလမ်းလျှောက်ချီတက်၍ ဂုဏ်ပြုအခမ်းအနားများကျင်းပခြင်း၊ ကျောင်းအဆောက်အအုံကို မီးရောင်စုံများ ထွန်းညှိခြင်း၊ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပခြင်းတို့ကို နှစ်စဉ်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်း၏သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ မြို့မဖခင်ကြီး ဆရာကြီး ဦးဘလွင်၏ လက်ထက်တွင် အတိုးတက်ဆုံးဖြစ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည့် သခင်နုကို မွေးထုတ်ပေးနိုင်သကဲ့သို့ ဘက်ပေါင်းစုံတွင် ထက်မြက်ထူးချွန်သည့် နိုင်ငံ့သားကောင်းများစွာလည်း ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ထို့ပြင် ဆရာကြီး ဦးဘလွင်၏ လက်ထက်တွင် ယခုသုံးထပ်ကျောင်းကြီးကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဘုံဆင့်ပြာသာဒ်နှင့် မြန်မာမှု မြန်မာ့ဟန်အပြည့် လွန်စွာတင့်တယ်လှသည့် ကျောင်းအဆောက်အအုံကြီးကို ၁၉၂၉ ခုနှစ် နဝမအကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့မှ စတင်အုတ်မြစ်ချခဲ့ပြီး နှစ်နှစ်အကြာ ၁၉၃၁ ခုနှစ် အမျိုးသားအောင်ပွဲနေ့ (သောကြာနေ့)တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယင်းကျောင်းအဆောက်အအုံကြီး၏ သက်တမ်းသည်လည်း နှစ် ၁၀၀ ပြည့်လာမည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတစ်ခု ဖြစ်လာစေရန် အလားအလာလည်း ရှိနေပါကြောင်း၊ သို့ဖြစ်၍ ယင်းကျောင်းကြီးကို မပျက်မစီး၊ မယိုမယွင်း ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ခြုံငုံသုံးသပ်ရမည်ဆိုပါက မြန်မာတစ်နိုင်ငံလုံးတွင် တည်ထောင်ခဲ့ကြသည့် အမျိုးသားကျောင်းများထဲမှ မြို့မအမျိုးသားအထက်တန်းကျောင်းသည် ထိပ်ဆုံးတွင် ရပ်တည်ခဲ့သည့်အတွက် ကျောင်းကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသယ်ဆောင်သွားရေးသည် ကျောင်းနှင့်ဆက်စပ်ပတ်သက်နေသူ အားလုံးအပေါ်တွင် တည်မှီနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြို့မကျောင်းသားဟောင်းတစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့မဖခင်ကြီး ဆရာကြီး ဦးဘလွင်၏သမီး ဒေါ်စုစုလွင်က ဂုဏ်ထူးငါးဘာသာ ရရှိသည့် မောင်မြတ်ဟိန်းခန့်အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက (၉၇)နှစ်မြောက် အမျိုးသားနေ့အောင်ပွဲ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**ကြေးမုံ**

# ပြည်တွင်းဖြစ် စက်ပစ္စည်းများ ပါဝင်မှု မြှင့်တင်ကာ တမီလ်နာဒူးပြည်နယ်၌ အဏုမြူဓာတ်အားစက်ရုံ တိုးချဲ့

**မွမ်ဘိုင်း နိုဝင်ဘာ ၁၃**
အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်၌ တည်ဆောက်လျက်ရှိသည့် အဏုမြူ ဓာတ်အားပေးစက်ရုံအတွက် ပြည်တွင်းဖြစ် စက်ကိရိယာပစ္စည်းများ ပါဝင်မှုကို ၂၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာမှ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း၊ ရုရှားက တည်ဆောက်လျက်ရှိသော ကူဒန်ကူလမ် အဏုမြူဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော စက်ကိရိယာပစ္စည်းများကို အိန္ဒိယနိုင်ငံပိုင် နျူကလီးယားဓာတ်အား ကော်ပိုရေးရှင်းနှင့် မိတ်ဖက်ပြုထားသော ရိုဆာတမ်ကုမ္ပဏီက ဓာတ်ပေါင်းဖိုများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကူဒန်ကူလမ် အဏုမြူဓာတ်အားပေးစက်ရုံသည် လတ်တလောတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်ပေးနိုင်ပြီး မဂ္ဂါဝပ် ၁၀၀၀ စီ ထုတ်လုပ်ပေးနိုင်မည့် ယူနစ်နှစ်ခုကို တိုးချဲ့တည်ဆောက်ရန် စီစဉ်ထားသည်။ **(အောက်ပုံ)**

တိုးချဲ့တည်ဆောက်မည့် ယူနစ်များအတွက် အိန္ဒိယပြည်တွင်းလုပ် အပိုပစ္စည်းများနှင့် စက်ကိရိယာများကို ကနဦးတွင် ၂၀ ရာခိုင်နှုန်း ထည့်သွင်းအသုံးပြုရန် စီစဉ်ခဲ့ရာမှ ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်မည်ဖြစ်ကြောင်း မွမ်ဘိုင်းမြို့၌ ရုရှားကောင်စစ်ဝန်ချုပ် အင်ဒရေ ဇီးဆော့က ပီတီအိုင် သတင်းဌာနသို့ ပြောကြားသည်။

ဓာတ်ပေါင်းဖို ယူနစ်အမှတ် (၅) နှင့် (၆) တို့အတွက် ပြည်တွင်းလုပ်စက်ပစ္စည်းကိရိယာများ တိုးမြှင့်သုံးစွဲရန် နှစ်နိုင်ငံ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြောင်း၊ လက်ရှိတည်ဆောက်နေဆဲ ဓာတ်ပေါင်းဖိုယူနစ် အမှတ် (၃) နှင့် (၄) တို့ တည်ဆောက်မှု ပြီးစီးသည့်အခါ ယင်းသဘောတူညီချက် အာဏာသက်ဝင်မည်ဖြစ်ကြောင်း ဇီးဆော့က ပြောကြားသည်။

ဓာတ်ပေါင်းဖို ယူနစ်အမှတ် (၅) နှင့် (၆) တို့ တည်ဆောက်ရေးအတွက် ရူပီး ကုဋေ ၅၀၀၀၀ ခန့် ကျခံသုံးစွဲရန်ဖြစ်ပြီး ရန်ပုံငွေပမာဏ၏ ထက်ဝက်ကို ရုရှားဘက်မှ ချေးငွေအဖြစ် ထောက်ပံ့ပေးမည်ဆို၏။

တတိယမြောက်နှင့် စတုတ္ထမြောက် ဓာတ်ပေါင်းဖိုယူနစ်များကို လွန်ခဲ့သည့် နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ရူပီး ၃၉၇၄၇ ကုဋေ ကျခံသုံးစွဲရမည်ဖြစ်သည်။

လက်ရှိ တည်ဆောက်နေဆဲ ဖြစ်သော ကူဒန်ကူလမ် အဏုမြူဓာတ်အားပေးစက်ရုံနှင့် အပြိုင် အဏုမြူဓာတ်အားပေးစက်ရုံ ထပ်မံဖွင့်လှစ်နိုင်ရေးအတွက် ရုရှားက မျိုးဆက်-၃ ပလပ်စ်အမျိုးအစား နျူကလီးယား ဓာတ်ပေါင်းဖိုများ ရောင်းချပေးရန် ကမ်းလှမ်းထားသည်။

**ပီတီအိုင်**





# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး တရုတ်သမ္မတ ရှီ လာအိုနိုင်ငံသို့ ရောက်ရှိ

**ဗီယန်ကျန်း နိုဝင်ဘာ ၁၃**
ဆိုရှယ်လစ်နိုင်ငံများဖြစ်ကြသော လာအိုနှင့် တရုတ်နိုင်ငံတို့၏ ရှေးရိုးစဉ်လာမပျက် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာစေရန်ရည်ရွယ်၍ တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သူ သမ္မတ ရှီကျင့်ဖျင်သည် လာအိုနိုင်ငံသို့ နိုဝင်ဘာ ၁၃ ရက်တွင် နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိလာကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၁၁ နှစ်တာကာလအတွင်း တရုတ်နိုင်ငံခေါင်းဆောင်တစ်ဦး လာအိုသို့ ပထမဆုံးလာရောက်ခြင်း ဖြစ်သည်။

သမ္မတ ရှီသည် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်၊ လာအိုသမ္မတလည်း ဖြစ်သူ ဘိုညံဗိုရာချစ်၊ လာအိုဝန်ကြီးချုပ် ခွန်လွန်ဆီဆိုလစ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပန်နီယာသူတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အောက်တိုဘာလတွင် ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံအပြီး ပထမဆုံးပြည်ပခရီး ထွက်ခွာလာသူ သမ္မတရှီသည် ၎င်း၏ ခရီးစဉ်နောက်ဆုံးခရီးတစ်ထောက်ရပ်နားရာ နိုင်ငံအဖြစ် လာအိုသို့ ရောက်ရှိလာသည်။

သမ္မတ ရှီသည် လာအိုခရီးစဉ် မတိုင်မီ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီး ညီလာခံသို့ တက်ရောက်ခဲ့သည်။

**ဆင်ဟွာ**

# အီရန်နှင့် အီရတ်နယ်စပ်တွင် အင်အားပြင်း မြေငလျင်လှုပ် ၃၃၆ ဦးထက်မနည်း သေဆုံး၊ အများအပြား ဒဏ်ရာရ

**ဘဂ္ဂဒက်၊ ဟန်ကာရာ နိုဝင်ဘာ ၁၃**
အီရန်နိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်က မဂ္ဂနီကျူ ၇ ဒသမ ၃ ရှိအင်အားပြင်း မြေငလျင် လှုပ်ခဲ့ရာ လူပေါင်း ၃၀၀ ကျော် သေဆုံးကြောင်း၊ တောင်ကုန်း၊ တောင်တန်းထူထပ်သော ဒေသ၌ မြေငလျင်လှုပ်ခြင်းဖြစ်ပြီး အပြိုအပျက်များအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိကြောင်း၊ အီရန်-အီရတ်နယ်စပ်တွင် လှုပ်သောမြေငလျင်ကြောင့် အီရတ်နိုင်ငံတွင် လူခြောက်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။ **(ယာပုံ)**

အီရန်-အီရတ်နယ်စပ်တွင် နိုဝင်ဘာ ၁၂ ရက်ဒေသစံတော်ချိန် ည ၉ နာရီ ၁၈ မိနစ်တွင် မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။

မြေငလျင်လှုပ်မှုကြောင့် အီရန်တွင် သေဆုံးသူ ၃၃၆ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ ဦးရေ ၃၉၅၀ထက်မနည်းဖြစ်ကြောင်း၊ သေဆုံးသူ ဦးရေတိုးလာမည်ဟု ခန့်မှန်းရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်နိုင်ငံအနောက်ပိုင်းရှိ ပြည်နယ်အချို့တွင် မြေငလျင်လှုပ်မှုကို ခံစားခဲ့ကြရပြီး ကာမန်ရှားပြည်နယ်သည် မြေငလျင်ဒဏ်ကို အပြင်းထန်ဆုံး ခံစားရသည်ဆို၏။

အီရတ်နယ်စပ်မှ ၇၅ ကီလိုမီတာ (၁၀ မိုင်) ခန့်ကွာဝေးသော ကာမန်ရှားပြည်နယ် ဆာပိုလ်အီးလ်ဇာဟတ်စီရင်စုတွင် မြေငလျင်ဘေးဒဏ်ကြောင့် သေဆုံးသူ ၂၃၆ ဦး ထက်မနည်းရှိပြီး သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲဖွယ်ကာလကို သုံးရက် သတ်မှတ်ထားသည်။

ကျေးရွာအချို့၌ အကြီးအကျယ် ပျက်စီးမှုများဖြစ်ပေါ်ရကြောင်း၊ ကျေးရွာများရှိ နေအိမ်များမှာ ရွှံ့မြေခဲများကို အသုံးပြုကာ တည်ဆောက်ထားခြင်းကြောင့် ပြိုပျက်လွယ်ကြောင်း၊ ပြိုကျနေသော အဆောက်အအုံများအောက်ဘက်မှ ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

မြေငလျင်လှုပ်မှုကြောင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်နိုင်ငံရှိ ပြည်နယ် ၁၄ ခုထက်မနည်းတွင် မြေငလျင်ဒဏ်ကို ခံစားခဲ့ကြရကြောင်း ပြည်တွင်းသတင်းဌာနများက သတင်းထုတ်ပြန်သည်။ မြေငလျင်ကယ်ဆယ်ရေးလုပ်ငန်းအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် အီရန်ခေါင်းဆောင်ချုပ် အလီခါမေနီက အစိုးရဌာနများ အားလုံးကို တိုက်တွန်းထားသည်။

**ဆင်ဟွာ**



# ဆင်နင်းခံရမှုကြောင့် ကမ္ဘာလှည့်ခရီးသည် နှစ်ဦး သေဆုံး

**လူဆာကာ နိုဝင်ဘာ ၁၃**
ဇမ်ဘီယာနိုင်ငံတောင်ပိုင်း လစ်ဗင်းစတုန်းမြို့၌ ဆင်နင်းခံရမှုကြောင့် အနောက်တိုင်းသား ကမ္ဘာလှည့်ခရီးသည် နှစ်ဦး သေဆုံးရကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အမျိုးသား သစ်တောဥယျာဉ်တစ်ခုအနီး၌ တည်ရှိသော တောစခန်းအိမ်တစ်လုံး၌ တည်းခိုနေသော ကမ္ဘာလှည့်ခရီးသည်နှစ်ဦးသည် ဆင်နင်းခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူ နှစ်ဦးမှာ ဘယ်လ်ဂျီယံနိုင်ငံမှ အသက် (၅၇)နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် နယ်သာလန်နိုင်ငံမှ အသက် (၆၄)နှစ် အရွယ် အမျိုးသားတစ်ဦးတို့ ဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဒန်နီအမ်ဝေးက ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ဓာတ်ပုံရိုက်ကူးနိုင်ရန် ဆင်တစ်ကောင် အနီးအပါးသို့ သွားရောက်စဉ် ဆင်၏ ရန်မူ တိုက်ခိုက်မှု ခံရခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

ဇမ်ဘီယာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည် အပန်းဖြေစခန်းတည်ရာ လစ်ဗင်းစတုန်းမြို့၌ ဆင်နင်းခံရမှုကြောင့် လူသေဆုံးရသည့် ဖြစ်ရပ်မှာ ယခုလအတွင်း ဒုတိယအကြိမ် ဖြစ်သည်။

**ဆင်ဟွာ**

# မျှဝေခြင်းမှ ပေါ်ထွက်လာသည့် မန္တလေး ကလေးကျောက်ကပ်ဖောင်ဒေးရှင်း

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတွင် တောနှင့်မြို့ ကျန်းမာရေး ကွာဟချက်၊ ဆင်းရဲချမ်းသာ ကွာဟချက်နှင့် နည်းပညာပိုင်း ကွာဟချက် စသည့် ကဏ္ဍစုံတွင် ကွာဟချက်ကြီးမားဆဲဖြစ်ပြီး အဆိုပါ ကွာဟချက်များ ကျဉ်းမြောင်းစေရန် အစိုးရပိုင်းတစ်ခုတည်းဖြင့် လုပ်ဆောင်၍ မဖြစ်နိုင်ဘဲ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုလည်း များစွာလိုအပ်နေသည်။

ထိုသို့ စေတနာရှင်အလှူရှင်များ၏ ၎င်းတို့တတ်နိုင်သည့် အတိုင်းအတာဖြင့် လိုအပ်နေသည့် နေရာများသို့ လှူဒါန်းခြင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မျှဝေခြင်းဟု သုံးနှုန်းထားပြီး အဆိုပါ မျှဝေခြင်းတွင် စေတနာရှင် သင်္ဂဟဖောင်ဒေးရှင်း၏ ကလေးကျောက်ကပ်ဝေဒနာရှင်များအတွက် လှူဒါန်းခြင်းတစ်ခုလည်း အပါအဝင်ဖြစ်သည်။



ဒေါက်တာဇော်မြင့်မောင်



ဦးချစ်ခိုင်



ဒေါက်တာချောစုခိုင်

အဆိုပါအလှူရှင် သင်္ဂဟဖောင်ဒေးရှင်းအနေဖြင့် မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီးတွင် ငွေကြေးအခက်အခဲရှိသော ကလေး ကျောက်ကပ်ဝေဒနာရှင်များအတွက် လိုအပ်သည်များ အထောက်အကူပြုသုံးစွဲနိုင်ရန်နှင့် စဉ်ဆက်မပြတ် ဘဏ္ဍာငွေရရှိရေးအတွက် မန္တလေး ကလေး ကျောက်ကပ်ဖောင်ဒေးရှင်းထူထောင်ရာတွင် မတည်အလှူငွေနှင့် ကျောက်ကပ်ဆေးစက် လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေး ကလေး ကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရန် မတည်အလှူငွေ ကျပ်သိန်း ၅၀၀၀ နှင့် ကျောက်ကပ်ဆေးစက်၏တန်ဖိုး ကျပ်သိန်း ၈၀၀တို့ကို အလှူရှင် သင်္ဂဟဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်အား ပေးအပ်လှူဒါန်းသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ အနာဂတ်ကလေးတွေ၊ လူငယ်လေးတွေ ရှင်သန်နိုင်ဖို့အတွက် ဆက်ထိန်းသိမ်းပေးပြီး ရှင်သန်နိုင်အောင် ပြုစုပျိုးထောင်ပေးတဲ့ ဆရာဝန်တွေကို နှလုံးလှဆရာဝန်တွေလို့ တင်စားချင်ပါတယ်၊ ဒီနေ့ပွဲက စေတနာအလှကို တွေ့ရတဲ့ပွဲပါ၊ ဒီနေ့ အဓိက ဖောင်ဒေးရှင်းဖြစ်တဲ့ သင်္ဂဟဖောင်ဒေးရှင်း အနေနဲ့ ငွေပဒေသာပင် ကျပ်သိန်း ၅၀၀၀ စိုက်ထူပေးသလို ၂၄ နာရီလုံး လည်ပတ်နိုင်တဲ့ ကျောက်ကပ်ဆေးစက်ကိုလည်း လှူဒါန်းပါတယ်၊ နောက်ထပ်အလှူရှင် ၃၀ ကျော်လည်း ရှိလာပါတယ်၊ ဒီလိုအလှူရှင်တွေ ဝိုင်းဝန်းပံ့ပိုး ကူညီပေးတာဟာ မျှဝေပေးတယ်လို့ ကျွန်တော်ယူဆပါတယ်၊ ဒါကြောင့် ဒေါင်အုပ်စု သင်္ဂဟဖောင်ဒေးရှင်းမှ တာဝန်ရှိသူတွေနဲ့ အလှူရှင်တွေအားလုံးကို မန္တလေးတိုင်းဒေသကြီးအစိုးရကိုယ်စား၊ ကျောက်ကပ်ဝေဒနာရှင်ကလေးတွေကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင် သင်္ဂဟဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က "ကျောက်ကပ် ဝေဒနာခံစားနေရတဲ့ ကလေးတွေကို ဝန်ကြီးချုပ်က ကျွန်တော်တို့ကို ခေါ်ပြီးပြသတဲ့အခါ ကျွန်တော်တို့ရဲ့ရင်ထဲမှာ စူးနစ်စွာ ခံစားခဲ့ရပါတယ်၊ ဒါကြောင့် ဝန်ကြီးချုပ်နဲ့ တိုင်ပင်ပြီး ကျောက်ကပ်ဖောင်ဒေးရှင်းထူထောင်ဖို့ မတည်အလှူငွေနဲ့ ကျောက်ကပ်ဆေးစက်ကို လှူဒါန်းဖို့ ချက်ချင်းဆုံးဖြတ်ခဲ့ပါတယ်။

"ကျွန်တော်တို့ကုမ္ပဏီရဲ့ ရည်မှန်းချက် ဆောင်ပုဒ်ကလည်း "ချမ်းသာမျှဝေ ပျော်ရွှင်နိုင်စေ" ဆိုတဲ့ ဆောင်ပုဒ်လေးပါ၊ ဒါကြောင့် ကျွန်တော်တို့ ဒေါင်ကုမ္ပဏီအုပ်စုက သင်္ဂဟဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပြီး ချမှတ်ထားတဲ့ ဆောင်ပုဒ်နဲ့အညီ ထောက်ပံ့ကူညီမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်၊ အခု ကျောက်ကပ်ဝေဒနာရှင် ကလေးတွေက သူတို့ ကျောက်ကပ်အစားထိုးနိုင်ပြီး အသက်ဆက်ရှင်နေခဲ့ရင်လို့ မျှော်လင့်ချက်နဲ့ပြောတဲ့ စကားသံတွေကို ကြားရတဲ့အတွက် ဒီကလေးတွေရဲ့ မျှော်လင့်ချက်တွေကို ရှင်သန်နိုင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"နိုင်ငံတော်ကလည်း ပြည်သူနဲ့အတူ သွားကြဖို့ပြောသလို ကျွန်တော်တို့ လုပ်ငန်းရှင်တွေ၊ ပြည်သူတွေအနေနဲ့ကလည်း နိုင်ငံတော်နှင့်အတူလို့ ခံယူပြီး သွားကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင် ဖွံ့ဖြိုးတိုးတက်လာမှာပါ၊ ဒါကြောင့် နိုင်ငံတော်နဲ့အတူ သွားကြမယ်လို့ ခံယူပြီး ကျွန်တော်နဲ့ ပါဝင် လှူဒါန်းကြသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီးရှိ ဆီးနှင့်ကျောက်ကပ်ဌာနကို ၂၀၁၅ ခုနှစ်မှစ၍ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ကလေးကျောက်ကပ် အစားထိုးလဲလှယ်မှုလုပ်ငန်းကို နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ၏ ပံ့ပိုးကူညီမှု၊ ကျောက်ကပ်ဆရာဝန်များ၏ ကြိုးစားမှုကြောင့် ၂၀၁၅ ခုနှစ်မှ ယခုအချိန်ထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံမှ ပါမောက္ခ၊ဌာနမှူး ဒေါက်တာဒေါ်အေးအေးမြင့်က ပြောသည်။

"ဒီဆေးရုံမှာ ကျောက်ကပ်ဆေးပြီး အသက်ရှင်နေကြတဲ့ ကလေးတွေရဲ့ အခြေအနေကို ဝန်ကြီးချုပ် မြင်တွေ့တဲ့အခါမှာ ကလေးတွေရဲ့ ဆေးကုသမှု၊ စားဝတ်နေရေးနဲ့ ပညာရေးအတွက် လူနာဘက်က ကုန်ကျမှုမရှိအောင်နဲ့ ကုသမှုရဲ့ အစစ်အမှန်ဖြစ်တဲ့ ကျောက်ကပ် အစားထိုး လုပ်ငန်းတွေကိုလည်း ဆက်လက်လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပြီး ဒီကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်နိုင်ဖို့အတွက် ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုနဲ့ သင်္ဂဟဖောင်ဒေးရှင်းက သိန်း ၅၀၀၀ မတည်ပြီး အခြားအလှူရှင်တွေကလည်း ဒီနေ့ဒီရက်မှာ လှူဒါန်းခဲ့ပါတယ်။

"ကျွန်မတို့ရဲ့ ဒီကလေးကျောက်ကပ် ကုသဆောင်လေးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ စဖွင့်ခဲ့ပါတယ်၊ အရင်တုန်းက နာတာရှည် ကျောက်ကပ်ရောဂါသည်တွေဟာ ကျောက်ကပ်ဆေးတဲ့အခါမှာ လူကြီးနဲ့ ကလေး ကွာခြားချက်တွေ ရှိတဲ့အတွက် လူကြီးလည်း ဆေးလို့မရ၊ ကလေးလည်း မဆေးပေးနိုင်တဲ့အတွက် အသက်ဆုံးရှုံးမှုတွေ အများကြီး တွေ့ရှိခဲ့ရပါတယ်၊ အခုအချိန်မှာတော့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စပြီး ကျောက်ကပ်ဆေးစက် နှစ်လုံး လှူဒါန်းတဲ့ အလှူရှင်ပေါ်လာတဲ့အတွက် ဒီစက်နှစ်လုံးနဲ့ နာတာရှည်ကျောက်ကပ်လူနာတွေကို တစ်ပတ်ကို သုံးရက် ကျောက်ကပ်ဆေးပြီး ကုသပေးနေပါတယ်၊ ကုသမှုခံယူသူ ကလေး ၂၀ ရှိပါတယ်၊ သူတို့ထဲက လူနာ ၁၇ ဦးဟာ အဝေးမှာနေတဲ့အတွက် ဆေးရုံမှာထားပြီး ကုသပေးနေပါတယ်၊ ကျောက်ကပ်ကို အခမဲ့ ဆေးပေးနေပေမယ့် သူတို့ရဲ့ စားဝတ်နေရေးနဲ့ ပညာရေးကို မိဘတွေက မတတ်နိုင်တဲ့အတွက် ကျွန်မတို့ ကျောက်ကပ်ဆောင်က ဆရာတွေ ဆရာမတွေ အားလုံးပူးပေါင်းပြီး စေတနာရှင်တွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ ၂၀၁၅ ခုနှစ်ကစပြီး အခုအချိန်အထိ စောင့်ရှောက်လာခဲ့ပါတယ်။

"သူတို့အတွက် စစ်မှန်တဲ့ကုသမှုဖြစ်တဲ့ ကျောက်ကပ်အစားထိုးခြင်းကို ပထမဆုံးအနေနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်နေ့တွေမှာ ကလေးနှစ်ယောက်ကို စင်ကာပူနိုင်ငံ National University Hospital ရဲ့ နည်းပညာအကူအညီနဲ့ မန္တလေးက ဆရာဝန်ကြီးတွေ ပူးပေါင်းပြီး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သလို ဒုတိယအကြိမ်အဖြစ် ဇွန်လ ၂၄ ရက်နဲ့ ၂၅ ရက်နေ့မှာ ကလေးနှစ်ယောက်ကို အောင်မြင်စွာ အစားထိုးလဲလှယ်နိုင်ခဲ့ပါတယ်၊ အခု ဒီဖောင်ဒေးရှင်းကရတဲ့ အလှူငွေတွေနဲ့ ကျောက်ကပ်ဆေးရမယ့် ကလေးတွေအတွက်လည်းကောင်း၊ အရေးပေါ်သုံးစွဲပြီး ကျောက်ကပ် မလဲပေးနိုင်သေးလို့ ပုံမှန်ကျောက်ကပ်ဆေးပြီး အသက်ရှင်နေနိုင်သေးတဲ့ ကလေးတွေရဲ့ စားဝတ်နေရေးနဲ့ ပညာရေးကုန်ကျစရိတ်အတွက်လည်းကောင်း၊ ကျောက်ကပ် အစားထိုးလဲလှယ်ပေးမှု ကုန်ကျစရိတ် အတွက်လည်းကောင်း သုံးစွဲသွားပါမယ်။

"အခုလို ဖောင်ဒေးရှင်းထူထောင်ပြီး လှူဒါန်းမှုဟာ ဒီဝေဒနာရှင် ကလေးတွေအဖို့ အများကြီးအကျိုးရှိတဲ့အတွက် ကလေးတွေကိုယ်စား အလှူရှင်အားလုံးကို အထူး ကျေးဇူးတင်ပါတယ်" ဟု ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံ ဆီးနှင့်ကျောက်ကပ် ဆေးကုသဆောင်တာဝန်ခံ ဒေါက်တာချောစုခိုင်က ပြောကြားခဲ့သည်။

ယနေ့ ကျင်းပသော အခမ်းအနားတွင် ကလေးကျောက်ကပ်ဖောင်ဒေးရှင်း ထူထောင်ရန် မတည်အလှူငွေ ကျပ်သိန်း ၅၀၀၀ နှင့် ကျောက်ကပ်ဆေးစက်ဝယ်ယူရန်ငွေကျပ် သိန်း ၈၀၀ တို့ကို သင်္ဂဟဖောင်ဒေးရှင်းက လှူဒါန်းခဲ့ပြီး တက်ရောက်လာသော အလှူရှင်များက ငွေကျပ် ၂၂၅၅၉၀၀၀ ကို စုပေါင်း လှူဒါန်းခဲ့ကြသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**







## ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဒိုးနွယ်အုပ်စု ရွာသစ်ကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာမီးလင်းရေးအတွက် တိုးချဲ့ဓာတ်တိုင်များ သွယ်တန်းပေးခြင်း၊ ကျေးရွာအများပြည်သူသုံး ခန်းမသစ်တစ်လုံး တည်ဆောက်ပေးခြင်းနှင့် ခန်းမသုံး အဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ်တွင် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် သိန်း ၂၅၀ ကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း စီမံကိန်းထောက်ပံ့ငွေ ဒေါ်လာနှစ်သောင်းနှင့် ဘီအဆင့်ရ ချီးမြှင့်ငွေကျပ် သိန်း ၆၀ ကျော်တို့ဖြင့် စီမံကိန်းလုပ်ငန်းများကို ကျေးရွာနေပြည်သူများနှင့်အတူ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းထောက်ပံ့ငွေများမှ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရကြောင်း၊ ဆောင်ရွက်ထားရှိမှုမှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းတွင် ပွင့်လင်းမြင်သာစွာ ချပြထားရမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်**

# မြန်မာစာပေလောကမှ ရသစာပေများ၏ အခန်းကဏ္ဍ

ပုညခင်

ကျွန်မတို့ မြန်မာနိုင်ငံဟာ ခေတ်အဆက်ဆက် ရသစာပေကောင်းများစွာ ထွန်းကားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ခေတ်အဆက်ဆက် စာဖတ်သူအပေါ် တာဝန်ကျေပွန်သော၊ ခေတ်စနစ်ကို ထင်ဟပ်ရေးသားနိုင်သော စာရေးဆရာပေါင်းများစွာလည်း ပေါ်ထွန်းလာခဲ့ပါတယ်။

**ဖန်တီး**

အမျိုးသမီးစာရေးဆရာများက အမျိုးသမီးတွေရဲ့ဘဝကို အားမာန်ပေးပြီး ခွန်အားပြည့်စေတဲ့ စာများစွာကိုလည်း ရေးသားခဲ့ကြပါတယ်။ ရသဝတ္ထုက နေတစ်ဆင့် နိုင်ငံရေးကို စိတ်ဝင်စားစေခြင်း၊ ကိုယ်ထူးကိုယ်ချွန်စိတ်ဖြစ်ပေါ်စေခြင်းနဲ့ ပညာတတ် မိန်းမသားများ ပေါ်ထွန်းလာရေးကိုလည်း အထောက်အကူ ပြုခဲ့ကြပါတယ်။ အမျိုးသားစာရေးဆရာများကလည်း ပညာကို တန်ဖိုးထားသော၊ စာရိတ္တကောင်းမွန်သော၊ တာဝန်ယူချင်စိတ်ရှိ၍ ယောကျ်ားပီသသော ဇာတ်ကောင်များကို ဖန်တီးခဲ့ကြပါတယ်။ ရသမြောက်စွာရေးဖွဲ့ထားသော ဝတ္ထုတွေဟာ စာဖတ်သူတွေရဲ့ဘဝကို ဩဇာသက်ရောက်မှုဖြစ်စေနိုင်တာကိုလည်း တွေ့ရပါတယ်။

ဩဇာသက်ရောက်မှုကို အမျိုးအစားခွဲတဲ့အခါ ကောင်းတဲ့ဘက်ကို ဩဇာသက်ရောက်ခြင်းနဲ့ မကောင်းတဲ့ဘက်ကို ဩဇာသက်ရောက်ခြင်းရယ်လို့ နှစ်မျိုးခွဲခြားနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ စာဖတ်သူတွေဟာ မိမိတို့ စွဲလမ်းနှစ်သက်တဲ့ ဇာတ်ကောင်စရိုက်တွေကို အားကျအတုယူမိတာမျိုးလည်း ရှိတတ်တာကြောင့် ဇာတ်ကောင်စရိုက်ထဲကတစ်ဆင့် မှားယွင်းသော အတွေးအခေါ်တချို့ကို အတုယူမိတာမျိုးလည်း ဖြစ်တတ်သလို စံထားအပ်တဲ့၊ ဖြောင့်မတ်တဲ့ အတွေးအခေါ် အကျင့်စရိုက်တွေကို အတုယူမိတာမျိုးလည်း ဖြစ်တတ်ပါတယ်။ ဒါကြောင့် စာဖတ်သူအပေါ် ဩဇာသက်ရောက်နိုင်စွမ်းရှိတဲ့ ရသစာရေးဆရာများရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲ အရေးကြီးပါတယ်။

ဒီနေရာမှာ ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေနဲ့ ရသစာပေများရဲ့ ဆက်နွယ်မှုကိုလည်း တင်ပြချင်ပါသေးတယ်။ ၂၀၀၀ ပြည့်နှစ် အစောပိုင်းနဲ့ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တစ်ဝိုက်ဆီက ကျွန်မတို့နိုင်ငံဟာ ပြည်ပနိုင်ငံများနဲ့ ပွင့်လင်းအားကောင်းစွာ ဆက်ဆံမှုမရှိခဲ့သလို ပြည်ပက အနုပညာများ၊ နည်းပညာများလည်း များစွာ ဝင်ရောက်မှုမရှိခဲ့သေးပါဘူး။ အဲဒီလို အများပြည်သူကို ဖျော်ဖြေရာများစွာမရှိခဲ့ချိန်က မြန်မာနိုင်ငံမှာ ရသဝတ္ထုများကို လိုလားဖတ်ရှုကြသောသူများစွာရှိခဲ့သလို စာအုပ်အငှားဆိုင်လေးများ များစွာရှိခဲ့ပြီး မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်း၊ ရုပ်ပြစာအုပ်ပေါင်းများစွာကို ဝယ်ယူငှားရမ်းနိုင်ခဲ့ကြပါတယ်။

**ကန့်သတ်ချက်ပေါင်းများစွာ**

မဂ္ဂဇင်းများစွာလည်း ထွက်ရှိခဲ့သလို စာဖတ်တတ်စ လူငယ်တွေ စာဖတ်ခြင်းကို စွဲလမ်းလာအောင် အစပြုပေးတဲ့အချစ်ဝတ္ထုများစွာလည်း ထွက်ရှိခဲ့ပါတယ်။ ထိုခေတ်အခါက မြန်မာနိုင်ငံမှာ စာပေစိစစ်ရေးဌာနရှိခဲ့တဲ့အတွက် စာပေရေးသားရာမှာ ကန့်သတ်ချက်ပေါင်းများစွာ ရှိပေမယ့်လည်း ကန့်သတ်ချက်များကို ရှောင်ရှားရေးသားထားတဲ့ ရသစာပေကောင်းများ ထွက်ပေါ်လာတာကိုကြည့်ရင် အခက်အခဲ အကျပ်အတည်းကြားကပဲ အနုပညာကို ဖန်တီးရေးဖွဲ့နိုင်ကြောင်း ထင်ရှားပါတယ်။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလများမှာတော့ မြန်မာနိုင်ငံဟာ နည်းပညာများနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့လာနိုင်ပြီး အင်တာနက်၊ ဖေ့စ်ဘွတ် အသုံးတွင်ကျယ်လာခဲ့ကြပါတယ်။ ရုပ်ဝတ္ထုတွေ တိုးတက်လာတာနဲ့အမျှ နိုင်ငံရေးအခြေအနေတွေ အမျိုးမျိုးဖြစ်ပေါ်လာတာနဲ့အမျှ လူအတော် များများဟာ သတင်းအချက်အလက်များနောက်ကိုလိုက်ရင်း ရသစာပေဖတ်ရှုမှုနှုန်းလည်း ကျဆင်းလာခဲ့ပါတယ်။ စိတ်ခံစားမှုကို လွှမ်းမိုးပြုပြင်နိုင်စွမ်းရှိတဲ့ ရသစာပေကိုဖတ်ရှုမှု နည်းလာတာနဲ့အမျှ လူတွေဟာ တဖြည်းဖြည်း စိတ်ယဉ်ကျေးမှုဆိတ်သုဉ်းလာခဲ့ပါတယ်။ ရသစာပေကနေတစ်ဆင့် ကူးစက်ခံစားနိုင်တဲ့ စာနာစိတ်၊ ကိုယ်ချင်းစာစိတ်၊ ငဲ့ညှာစိတ်နဲ့ ဆင်ခြင်တုံတရားနည်းပါးလာမှုတွေကို တွေ့ရှိလာတာနဲ့အမျှ ရုန့်ရင်းကြမ်းတမ်းမှု၊ ရာဇဝတ်မှုတွေလည်း ထူပြောလာခဲ့ရပါတယ်။

ဒီလိုအချိန်မှာ ရသစာပေဖတ်ရှုသူ နည်းပါးလာခြင်းနဲ့ ရသစာပေရေးသားသူ နည်းပါးလာခြင်းဆိုတဲ့ အကြောင်းအရာနှစ်ခုဟာ စီးချင်းထိုးစရာဖြစ်လာရပါတယ်။ ဖတ်ရှုသူနည်းပါးသွားတာဟာ ရသစာပေကောင်းတွေ ထွက်မလာတော့လို့လား၊ ရသစာပေကောင်းတွေ များများစားစား ထွက်မလာတော့တာဟာ ရသစာပေဖတ်ရှုသူ နည်းသွားလို့လား စသဖြင့် အပြန်အလှန် လက်ညှိုးထိုးစရာ ဖြစ်လာပါတော့တယ်။

**စိတ်ကူးယဉ်ဖို့ အချိန်**

အဲဒီလိုအချိန်မှာပဲ ကျွန်မဟာ စာဖတ်သူတွေရဲ့လိုအင်နဲ့ တိုင်းပြည်ရဲ့ အခြေအနေကို ဆက်စပ်လေ့လာခဲ့ပါတယ်။ စာဖတ်သူတွေဟာ ခေတ်ကာလအခြေအနေအရ၊ စီးပွားရေးအခြေအနေအရ အချိန်ပို အချိန်အား နည်းပါးလာခဲ့ကြသလို လက်တွေ့ကျကျဘဝထဲမှာ ကျင်လည်ရင်း စိတ်ကူးယဉ်ဖို့ အချိန်မရသူတွေဖြစ်လာတာကိုလည်း သိလာရပါတယ်။ သူတို့ဟာ သူတို့ကို အကျိုးတစ်ခုခုဖြစ်ထွန်းစေမယ့်၊ ဗဟုသုတ တစ်စုံတစ်ရာရစေမယ့်၊ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်တဲ့ စာပေမျိုးကို ပိုပြီးလိုလား ဖတ်ရှုချင်ကြပါတယ်။ ပြီးတော့ တစ်နေ့တစ်မျိုး အမျိုးမျိုးဖြစ်ပေါ်နေတဲ့ ကျွန်မတို့ နိုင်ငံထဲက နိုင်ငံရေးအဖြစ်အပျက်တွေကိုလည်း သိချင်ကြပါတယ်။ လူတန်းစား အသီးသီးရဲ့ ရုန်းကန်နေကြတဲ့ဘဝကိုလည်း သိချင်ခဲ့ကြပါတယ်။

ဒါ့ကြောင့် ကျွန်မဟာ ကျွန်မလေ့လာသုံးသပ်နိုင်ခဲ့တဲ့ စာဖတ်သူများရဲ့ လိုအင်နဲ့ နိုင်ငံအတွက်လိုအပ်နေတဲ့ အခန်းကဏ္ဍတွေကို ချိန်ညှိပြီး ကျွန်မရဲ့ စာပေရေးသားခြင်းပုံစံကို စတင်ပြောင်းလဲခဲ့ပါတယ်။ အဲဒီအခါမှာ စာဖတ်သူများရဲ့ ရသစာပေအပေါ် စိတ်ဝင်စားမှုလည်း ပိုမိုတိုးပွားလာတာကို သုံးသပ်တွေ့ရှိခဲ့ရပါတယ် ။ ရသစာပေကနေတစ်ဆင့် ကျွန်မတို့နိုင်ငံရဲ့ခရီးသွားကဏ္ဍ၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးကဏ္ဍ စသဖြင့် ကဏ္ဍအသီးသီးကိုပါ မြှင့်တင်ပေးနိုင်တာ၊ ရသစာပေကနေတစ်ဆင့် စာဖတ်သူအတွက် ကောင်းသော သတင်းစကားများ ပါးလိုက်နိုင်ခြင်းဟာ စာဖတ်သူရဲ့ နှလုံးသားအထိ တိုးဝင်တွယ်ငြိစေနိုင်တာကိုလည်း သိရှိခဲ့ရပါတယ်။

ခေတ်အဆက်ဆက် ရသစာပေရေးသားသူတွေရေးသားခဲ့တဲ့ ဝတ္ထုတွေကြောင့် များစွာအကျိုးကျေးဇူးဖြစ်ထွန်းတာတွေကိုလည်း လေ့လာမယ်ဆိုရင် တွေ့ရှိနိုင်ပါတယ်။

**ရသစာရေးဆရာ**

ရသစာပေ ပိုမိုထွန်းကားဖို့ ရသစာပေနဲ့ အများအကျိုးပြုနိုင်ဖို့အတွက် စာရေးဆရာတွေရဲ့ တစ်ဦးချင်း တစ်ယောက်ချင်း လေ့လာကြိုးစားအားထုတ်ပေးဆပ်မှုတွေ အများကြီးလိုအပ်ပါတယ်။ ရသစာရေးဆရာတွေ ပေါ်ထွက်လာမှ၊ ရသစာရေးဆရာတွေ စာမှန်မှန်ရေးမှ၊ ရသစာရေးဆရာတွေ နိုင်ငံနဲ့ ပြည်သူရဲ့ လိုအပ်ချက်ကို လေ့လာဖြည့်ဆည်းပေးမှ စာဖတ်သူတွေဟာလည်း

> “နိုင်ငံတစ်နိုင်ငံမှာ မှီတင်းနေထိုင်တဲ့ ပြည်သူပြည်သားတွေရဲ့ ဉာဏ်ပညာနုံ့နဲ့ချို့တဲ့မှုဆိုတာ အဏုမြူဗုံးလိုပဲ မျိုးတုံးသွားစေနိုင်လောက်တဲ့အထိ အန္တရာယ်ကြီးပါတယ်။ အသိဉာဏ်နုံ့နဲ့တဲ့အခါ မယုံသင့်တာကို ယုံမယ်၊ အမှားကို အမှန်ထင်မယ်၊ ကိုယ့်မိတ်ဆွေဖြစ်ထိုက်သူကို ရန်သူလို့ထင်မယ်။”

ရသစာပေများစွာ ဖတ်ရှုခွင့်ရပြီး ရသစာပေရဲ့ အကျိုးကျေးဇူးကို ခံစားခွင့်ရကြမှာဖြစ်ပါတယ်။

စာဖတ်သူများရဲ့ အကျိုးစီးပွားဟာ စာရေးသူတွေအပေါ်မှာ တာဝန်ရှိသလိုပါပဲ။ ကျွန်မတို့နိုင်ငံရဲ့အကျိုးစီးပွားဟာ ပြည်သူတွေအပေါ်မှာ များစွာတာဝန်ရှိပါတယ်။ ကျွန်မတို့နိုင်ငံဟာ လှေကြီးတစ်စင်းဖြစ်ခဲ့ရင် ပဲ့ကိုင်ကအစိုးရဖြစ်ပြီး လှော်ခတ်သူတွေကတော့ ပြည်သူတွေပဲဖြစ်ပါတယ်။ ပြည်သူတွေဘဝ ကောင်းမွန်ဖို့ ပြည်သူတွေချင်း လက်တွဲခေါ်ယူရမှာဖြစ်ပါတယ်။ အဲဒီလို လက်တွဲခေါ်ဖို့ ပြည်သူထဲက ပြည်သူတစ်ယောက်ဖြစ်တဲ့ ပြည်သူတွေရဲ့ဘဝကို ကိုယ်စားပြုရေးဖွဲ့လမ်းညွှန်နိုင်တဲ့ စာရေးဆရာတွေမှာ တာဝန်ရှိပါတယ်။

**စာပေဈေးတန်း**

ခုချိန်မှာတော့ ကျွန်မတို့နိုင်ငံရဲ့စာဖတ်အားဟာ ပြန်လည်တိုးတက်သင့်သလောက်တော့ တိုးတက်စပြုလာခဲ့ပြီ ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ အကူအညီနဲ့ ကလေးစာပေပွဲတော်တွေပြုလုပ်နိုင်ခဲ့သလို စာပေဈေးတန်းများ ဖွင့်လှစ်ရောင်းချခွင့်ပေးခဲ့တာတွေကိုလည်း တွေ့ရပါတယ်။ နိုင်ငံအနှံ့မှာရှိတဲ့ ပြန်/ဆက်စာကြည့်တိုက်တွေမှာ ဖြည့်တင်းဖို့ အများပြည်သူ စိတ်ဝင်စားဖတ်ရှုလိုတဲ့ စာအုပ်စာစောင်များကို လစဉ်ဝယ်ယူပံ့ပိုးပေးနေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတသမားများကလည်း စာဖတ်အားပြန်လည်ကောင်းမွန်လာအောင် နည်းမျိုးစုံနဲ့ ကူညီထောက်ပံ့ ဝိုင်းဝန်းခဲ့ကြပါတယ်။

ဒါတွေဟာလည်း စာဖတ်ရှိန်မြှင့်တင်ဖို့ အထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ ကျွန်မကိုယ်တိုင်လည်း တစ်ဦးချင်း တစ်ယောက်ချင်း ခွန်အားနဲ့ ဆိုရှယ်မီဒီယာမှတစ်ဆင့် ပရိသတ်များနှင့်ထိတွေ့ခြင်း၊ အခါအားလျော်စွာ ပရိသတ်နဲ့ တွေ့ဆုံဆွေးနွေးခြင်းများ၊ စာကြည့်တိုက်များကို လူငယ်လူရွယ်များ ပိုမိုအသုံးပြုလာအောင် တိုက်တွန်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။

စာအုပ်ဝယ်ယူငှားရမ်းဖတ်ရှုနိုင်ဖို့ ခက်ခဲတဲ့ဒေသတွေမှာ စာကြည့်တိုက်များရဲ့ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးပါတယ်။ စာကြည့်တိုက်တစ်ခုရှိနေရုံသက်သက်ထက် စာကြည့်တိုက်ကို ဒေသခံပြည်သူတွေ အသုံးပြုတဲ့အလေ့အကျင့်ရှိဖို့ အရေးကြီးပါတယ်။ ဒီလိုအလေ့အကျင့်ရှိဖို့အတွက် တာဝန်ရှိသူများနဲ့အတူ စာပေပညာရှင်များ၊ လူထုအပေါ် လွှမ်းမိုးဩဇာသက်ရောက်နိုင်စွမ်းရှိသူများက စည်းရုံးလှုံ့ဆော်ကြရမှာဖြစ်ပါတယ်။

**ဆိတ်ငြိမ်အိပ်မောကျ**

ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးလှတဲ့ ကျောင်းစာကြည့်တိုက် အတော်များများ ဆိတ်ငြိမ်အိပ်မောကျနေတာကတော့ ဝမ်းနည်းစရာကောင်းလှပါတယ်။ စာအုပ်တွေကို ချစ်မြတ်နိုးပြီး စာဖတ်ခြင်းကို ခုံမင်တဲ့ အလေ့အထကို ကလေးဘဝကတည်းက စတင်ပျိုးထောင်ရမှာဖြစ်တဲ့အတွက် ကျောင်းစာကြည့်တိုက်ဟာ အရေးကြီးလှပါတယ်။ ကျောင်းစာကြည့်တိုက်တွေမှာ စာအုပ်ဖြည့်တင်းမြှုပ်နှံပေးခြင်းဟာ နိုင်ငံရဲ့အနာဂတ်အတွက် အသိဉာဏ်ပြည့်ဝတဲ့ လူငယ်တွေ ပေါ်ထွက်လာအောင် တစ်နည်းတစ်ဖုံ ထောက်ကူပေးခြင်းဖြစ်ပါတယ်။

**အဏုမြူဗုံး တစ်မျိုး**

နိုင်ငံတစ်နိုင်ငံမှာ မှီတင်းနေထိုင်တဲ့ ပြည်သူပြည်သားတွေရဲ့ ဉာဏ်ပညာနုံ့နဲ့ချို့တဲ့မှုဆိုတာ အဏုမြူဗုံးလိုပဲမျိုးတုံးသွားစေနိုင်လောက်တဲ့အထိ အန္တရာယ်ကြီးပါတယ်။ အသိဉာဏ်နုံ့နဲ့တဲ့အခါ မယုံသင့်တာကို ယုံမယ်၊ အမှားကို အမှန်ထင်မယ်၊ ကိုယ့်မိတ်ဆွေဖြစ်ထိုက်သူကို ရန်သူလို့ထင်မယ်၊ ရန်သူကို လူကောင်းမှတ်ပြီး ကိုးကွယ်မယ်၊ ကိုယ်ထိုင်နေတဲ့ သစ်ကိုင်းကိုခုတ်ချရင် ကိုယ်ဒုက္ခရောက်နိုင်တယ်ဆိုတာကိုမသိဘဲ ခုတ်ချင်ခုတ်မယ့်သူလိုမျိုး ကိုယ်မှီတင်းနေထိုင်တဲ့ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ပြည်သူတွေ ပျက်စီးရာပျက်စီးကြောင်း ပြန်လုပ်မိမယ်။ ဒါဟာလည်း အဏုမြူဗုံး တစ်မျိုးပါပဲ။ ဒီလိုနဲ့ မျိုးတုံးနိမ့်ပါးပျက်စီးသွားရပါလိမ့်မယ်။ ဒီလိုအသိဉာဏ်နုံ့နဲ့မှုတွေ မဖြစ်အောင် စာပေပညာရှင်တွေကလည်း ပြုပြင်လမ်းညွှန်ရင်း နိုင်ငံနဲ့ ပြည်သူရဲ့ အကျိုးစီးပွားကို ကူညီဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စာရေးဆရာတွေဟာ အဖွဲ့အစည်း အခမ်းအနား ပွဲလမ်းသဘင်ဆိုတာတွေထက် စာပေရေးသားခြင်းကို ပိုမိုအားစိုက်ကြရမှာဖြစ်ပါတယ်။ စာပေဟောပြောပွဲတွေ များသလိုပဲ စာအုပ်ထွက်ရှိမှုလည်း များပြားအောင် အားထုတ်ရေးသားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူရဲ့ လိုအပ်ချက်ကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ရင်း လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်းရေးသားကြရမှာ ဖြစ်ပါတယ်။ ပြည်သူရဲ့ စိတ်နှလုံးကို ပြုပြင်လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ရသစာပေများကိုလည်း ဖန်တီးရေးဖွဲ့ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ယဉ်ကျေးမှု၊ အနုပညာစာပေဖန်တီးမှု အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အနုပညာဖန်တီးမှု အဆင့်အတန်းကိုကြည့်ရင် အဲဒီနိုင်ငံရဲ့ အဆင့်အတန်းကိုပါ သုံးသပ်ခန့်မှန်းလို့ ရနိုင်ပါတယ်။ ဒါ့ကြောင့် နိုင်ငံအဆင့်အတန်းကို ပြဆိုနိုင်တဲ့၊ ပြည်သူရဲ့ စိတ်နှလုံးကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ရသစာပေများရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးကြီးလှပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါတယ်။ ။

**(၄-၁၁-၂၀၁၇ ရက်နေ့တွင် ရောဝတီစာပေပွဲတော်၌ ဖတ်ကြားဆွေးနွေးခဲ့သော စာတမ်းအား အနည်းငယ်ပြင်ဆင်ဖြည့်စွက်ရေးသားပါသည်။)**

## နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင်ဆန်းသစ်ဝေဆာစွာဖြင့် ထွက်ပြီ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိရာ သုတပဒေသာစာစောင် နိုဝင်ဘာလထုတ်ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုဝင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊ သန်းစော(စီပီအေ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)တို့၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏အကျိုးရလဒ် မျက်နှာဖုံးဆောင်းပါးများ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ မောင်ပေါ်ထွန်း၊ ကြည်မင်း၊ အေးဖြူ၊ ဟိန်းလတ်တို့၏ လူငယ်နှင့်အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ စည်သူလှိုင်၊ ထီလာစိုးမြင့်ထယ်တို့၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ဆောင်းပါးများ၊ ကျော်ရှင်း၊ သာလူရှည်တို့၏ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဦးဦးသိန်း၊ နိုင်သောင်းထွဋ်၊ မြသိန်း၊ ဒေါက်တာ မြင့်သန်း(သန္ဓေသား)တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဆွေဇင်ညွန့်၊ တင်ညွန့်တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ တက္ကသိုလ်မိုးမြင့်၊ နွယ်နွယ်မာ၊ စိုးစိုး(ပန်းတောင်း)၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)၊ ဆောင်းဝင်းလတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူ ဒေါက်တာခင်မောင်ညွန့်၊ ရဲထက်ဇော်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ စိန်ဝင်းမော်၊ ကိုမျိုး(ပြည်)၊ မောင်ကျေးဇူး၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွံ့ဖြိုးတိုးတက်လာမည့် မြို့တိုင်းရင်းသားတို့၏ ခုံတိုင်ရွာသစ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခုံတိုင်(မြို)ရွာသစ်ရှိ အိမ်ထောင်စုများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများအား ခုံတိုင်(မြို)ရွာသစ် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**မောင်တော နိုဝင်ဘာ ၁၃**

မောင်တောဒေသမြောက်ပိုင်း နန်းချောင်းအုပ်စု ဒေဝါနာလီရွာအနီးနှင့် မေယုတောင်ခြေမှ နှစ်မိုင်ခန့်အကွာရှိ ခုံတိုင်(မြို)တိုင်းရင်းသားကျေးရွာကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမား ၄၀၀ ကျော်ခန့်က မီးရှို့ဖျက်ဆီးပြီး ဝိုင်းဝန်း တိုက်ခိုက်ခဲ့သဖြင့် မြို့တိုင်းရင်းသား၊ တိုင်းရင်းသူ ခုနစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ကျန်ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း လွတ်ကင်းလုံခြုံရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

## ခုံတိုင် ရွာသစ်

ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ ယခင်ရွာဟောင်းနှင့် တစ်မိုင်ခန့်အကွာတွင် ခုံတိုင်ရွာသစ်ကို ကျေးရွာအင်္ဂါရပ်များနှင့် ပြည့်စုံအောင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

## အလေးထား မှာကြား

ခုံတိုင်ရွာသစ် တည်ဆောက်မည့်နေရာသို့ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂ ရက်က ရောက်ရှိခဲ့ပြီး မြို့တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကလေးများ စာသင်မပျက် ကျောင်းတက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် အလေးထား မှာကြားခဲ့သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ခုံတိုင်ကျေးရွာသစ်သို့ ရောက်ရှိကြပြီး ကျေးရွာအင်္ဂါရပ်များနှင့် ပြည့်စုံအောင် စီစဉ်ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ခုံတိုင်(မြို)ကျေးရွာသစ် တည်ဆောက်နေမှုကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီးက တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၈ စု အတွက် ငွေကျပ် ၁၉ သိန်းနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ အတွက် ငွေကျပ် တစ်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် နှစ်သိန်း ပေးအပ်ပြီး ကျေးရွာအသစ် တည်ဆောက်နေမှုကို ကြည့်ရှုသည်။

## တိုက်အိမ် ၄၆ လုံး

ခုံတိုင်ရွာသစ်ကို ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ မြေ ၃၅ ဧကပေါ်တွင် ခြံတစ်ကွက်လျှင် (ပေ ၄၀ × ပေ ၆၀) မြေကွက်များနှင့် လမ်းများ ဖော်ထုတ်၍ တစ်ထပ်တိုက်အိမ်တစ်လုံးလျှင် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ တိုက်အိမ် ၄၆ လုံးနှင့် မြို့ရိုးရာနေအိမ် တစ်လုံး၊ ဘက်စုံသုံးစုပေါင်းခန်းမ တစ်လုံး၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ရေတွင်းများ တည်ဆောက်ပေးရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ဘက်စုံဖွံ့ဖြိုး

ရိုးသားအေးဆေးစွာနေထိုင်ကြပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော မြို့တိုင်းရင်းသားများအတွက် ခုံတိုင်ရွာသစ်ကို ကျေးရွာအင်္ဂါရပ်များနှင့် ပြည့်စုံအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပေသည်။

**သတင်းအဖွဲ့**





မြို့တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ အတီးအမှုတ်အကများဖြင့် ဖျော်ဖြေကြစဉ်။



ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးနှင့် ဇနီးတို့က အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်စဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

**ရွှေဖုံးမှ**

ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို အာဆီယံအထိမ်းအမှတ်သီချင်းဖြင့် ဖွင့်လှစ်ပြီး အာဆီယံအလှည့်ကျဉက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ Philippines International Convention Centre (PICC) ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး(Plenary Session) သို့ တက်ရောက်ရာ အစည်းအဝေးမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးသို့ တက်ရောက်သည်။

(၃၁)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး (Plenary Session) အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာရွတ်ချန်အိုချာနှင့် မနီလာမြို့ Philippines International Convention Centre (PICC) ရှိ ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**စာမျက်နှာ ၉ သို့**



အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာရွတ်ချန်အိုချာနှင့် မနီလာမြို့၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ် (၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

❀ စာမျက်နှာ ၈ မှ

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ (ASEAN BAC) သို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Philippines International Convention Centre (PICC)ရှိ Summit Hall ၌ ကျင်းပသည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၊ (၂၀) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၉) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၂၀)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးပွဲများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၂၀)မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၂၀)မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

# ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အပေါ် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်နှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အပေါ် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ယင်းထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ရဲကင်းစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ် တစ်ခုတို့အား ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်ရပ်အခြေအနေမှန်ကို သိရှိရန်နှင့် တပ်မတော်မှ နယ်မြေတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ပေးအပ်ထားသည့် တာဝန်ဝတ္တရားများအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဥက္ကဋ္ဌအဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်းစစ်ဆေးဖော်ထုတ်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း။

ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ၂၆ ရက်ကြာ သွားရောက်ခဲ့ပြီး တိုင်းရင်းသားကျေးရွာ နှစ်ရွာမှ တိုင်းရင်းသား ၁၉၅ ဦး၊ ဟိန္ဒူဘာသာဝင်များနေထိုင်သည့် ကျေးရွာ နှစ်ရွာမှ ဟိန္ဒူဘာသာဝင် ၂၀၅ ဦးနှင့် ဘင်္ဂါလီကျေးရွာ ၅၄ ရွာမှ ရွာသူ ရွာသား ၂၈၁၇ ဦး စုစုပေါင်း ကျေးရွာသူ ကျေးရွာသား ၃၂၁၇ ဦးအား တွေ့ဆုံ မေးမြန်းခဲ့ပြီး အသိသက်သေ စုစုပေါင်း ၈၀၄ ဦးတို့၏ သက်သေထွက်ဆိုချက်များကို ရယူခဲ့ကြောင်း။

စစ်ဆေးတွေ့ရှိချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထက်ဌာနမှ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များအပြင် အထူးသဖြင့် မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတာဝန် ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေသ (Rule Of Engagement-ROE)ပါ အချက်များကိုလည်း ခေါင်းဆောင်ပိုင်းမှစ၍ လက်အောက်တပ်သားအဆင့်ထိ အလေးထားသိရှိလိုက်နာဆောင်ရွက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာတွင် စစ်ပွဲဆိုင်ရာဥပဒေများနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်အားအချိုးမညီစွာ သုံးစွဲခဲ့ခြင်း (Use of excessive force) မရှိသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်သမားများ ဖော်ထုတ်ဖမ်းဆီးရာတွင် တပ်မတော် စစ်ကြောင်းနှင့် တွဲဖက်ထားရှိသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကသာ ဖမ်းဆီးခြင်းဖြစ်ပြီး တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဖမ်းဆီးပြီးနောက် သက်ဆိုင်ရာ နယ်မြေရဲစခန်းများသို့ စနစ်တကျ အကောင်းပကတိ လွှဲပြောင်းပေးခဲ့ကြောင်း၊ ဖမ်းဆီးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်း (Persecution) မရှိကြောင်း၊ ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် ဂျီနီဗာကွန်ဗင်းရှင်းပါ ဥပဒေသများ၊ စစ်ပွဲဆိုင်ရာဥပဒေနှင့်အညီ ဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အပြစ်မဲ့ရွာသူရွာသားများအား ဥပဒေမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မုဒိမ်းမှုတို့ကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းများ မရှိကြောင်း၊ ကျေးရွာများနှင့် တိမ်းရှောင်ကျေးရွာများမှ ရွာသားများ ပိုင်ဆိုင်သော ပစ္စည်းများ၊ ရွှေ၊ ငွေများ၊ ယာဉ်များ၊ တိရစ္ဆာန်များအား ဖျက်ဆီးခြင်း၊ လုယက်ယူဆောင်ခြင်း၊ သိမ်းယူခြင်းများ လုံးဝမရှိကြောင်း၊ ဘင်္ဂါလီကျေးရွာများတွင် ဗလီများအား မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်း၊ ဗလီတက်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများကို ပိတ်ပင်ကန့်သတ်ခြင်း လုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ဆောင်ရွက်ခွင့်ရှိကြောင်း၊ ရွာသားများအား ရွာတွင် မနေနိုင်အောင် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ မောင်းထုတ်ခြင်း၊ နေအိမ်များအား မီးရှို့ခြင်းများ မရှိကြောင်း၊ ရွာများမှ ကျန်ရှိနေအိမ်များအား မသမာသူများမှ ဖျက်ဆီးယူဆောင်မှုမရှိရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် စနစ်တကျ ထိန်းသိမ်းကြပ်မတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများတွင် ဆေးကုသရေးအဖွဲ့များဖြင့် လှည့်လည်ဆေးကုသပေးခြင်း စုစုပေါင်း ၂၉၁ ကြိမ်၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာရိက္ခာများ ထောက်ပံ့ပေးခြင်း စုစုပေါင်း ၂၇၃ ကြိမ်၊ ပစ္စည်းတန်ချိန် ၂၃၄ တန်အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းများသာရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ချက်တွင် သက်သေထွက်ဆိုချက်များအရ အကြမ်းဖက်တိုက်ခိုက်ရာတွင် အကြမ်းဖက်ခေါင်းဆောင် အဆင့်ဆင့်မှ ကြိုတင်စီမံ၍ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ရန် အမိန့်ပေးခဲ့ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားအမာခံများနှင့် ရွာသူ ရွာသား၊ ကလေးများ အပါအဝင် အများအပြားပါဝင်၍ တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်ပြီးချိန်တွင် အောင်မြင်မှုမရှိသဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက နေအိမ်များကိုမီးရှို့၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဦးစွာထွက်ပြေးကြောင်း၊ ကျန်ရွာသားများမှာ ခြိမ်းခြောက်ပြောဆိုမှုကြောင့် လည်းကောင်း၊ နည်းမျိုးစုံဖြင့် မက်လုံးပေးပြောဆို စည်းရုံးခြင်းများကြောင့် လည်းကောင်း၊ နောက်တစ်ကြိမ် အကြမ်းဖက်သမားများ ဝင်ရောက်လာချိန်တွင် သတ်ဖြတ်ခံရမည်ကို စိုးရိမ်၍ လည်းကောင်း၊ အချို့မှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်သူများ၏ ဆွေမျိုးသားချင်းများဖြစ်၍ ထိမ်ချန်မှုဖြင့် အဖမ်းခံရမည်ကို စိုးရိမ်သောကြောင့် လည်းကောင်း၊ အချို့ အကြမ်းဖက်သမားများက တာဝန်ပေးချက်အရ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများမှ တစ်ဆင့် ပြန်လည်ဝင်ရောက်ပြီး မီးရှို့မှုကြောင့် နေစရာအိမ်မရှိတော့၍ လည်းကောင်း၊ အချို့မှာ ရွာသားအများစု ထွက်ပြေး၍ အကြောက်လွန်ပြီး လိုက်ပါသွားရခြင်းကြောင့် လည်းကောင်း၊ ၎င်းတို့၏ သဘောဆန္ဒအတိုင်း တစ်သုတ်ပြီးတစ်သုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း။

ထွက်ပြေးသွားသည့် ဘင်္ဂါလီများအား အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအပြင် ပြည်တွင်းအခြေစိုက် နိုင်ငံတကာ သံတမန်များမှလည်း သွားရောက်တွေ့ဆုံ၍ တစ်ဖက်နိုင်ငံသို့ မသွားရောက်ရန် ဖျောင်းဖျပြောဆိုသော်လည်း လက်မခံဘဲ ၎င်းတို့နှင့် ဘာသာတူ လူမျိုးတူများရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ၎င်းတို့အား ကြောက်ရွံ့ပြီး သြဇာအာဏာ တည်ဆောက်ရန် ရည်ရွယ်၍ ရက်စက်စွာ လည်လှီးသတ်ဖြတ်ခဲ့သည့် တိုင်းရင်းသား၊ ဟိန္ဒူ၊ ဘင်္ဂါလီ လူမျိုး စုစုပေါင်း ၁၃၁ ဦးရှိသည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း။

ဤဖြစ်စဉ် ဖော်ထုတ်ချက်များအရ နယ်မြေဒေသလုံခြုံရေးအတွက် ကွပ်ကဲစီမံအုပ်ချုပ်ဆောင်ရွက်မှုနှင့် လုံခြုံရေးသတင်းများ ကြိုတင်လက်ဦး ဖော်ထုတ်ရယူနိုင်မှု အားနည်းချက်များကိုလည်း တွေ့ရှိရသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးအရေးယူရန် ကျန်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား
တာဝန်ရှိသူများက မေယုတောင်ကျော်လမ်း ဖောက်လုပ်နေမှုကို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ငန်းချောင်းကျေးရွာရှိ ကလေးငယ်များအား မုန့်များ ဝေငှပေးစဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု မောင်တောမြောက်ပိုင်းဒေသသို့ ကွင်းဆင်းကြည့်ရှု

**မောင်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသမြောက်ပိုင်းသို့ သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီးကန်းပြင်-ကြိမ်ချောင်းလမ်းပေါ်ရှိ အစ္စလာမ်ဘာသာဝင်များ နေထိုင်လျက်ရှိသည့် ငန်းချောင်းကျေးရွာသို့ ရောက်ရှိကြသည်။

ငန်းချောင်း ကျေးရွာသားများနှင့် တွေ့ဆုံစဉ် နယ်မြေလုံခြုံရေးနှင့် နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်း၍ နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ပညာရေး၊ ကျန်းမာရေး အပါအဝင် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များနှင့် NVC ပြုလုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာသည် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိဘဲ၊ ပျက်စီးဆုံးရှုံးမှုမရှိသည့် ကျေးရွာတစ်ခုဖြစ်သည်။

ထို့နောက် ကြိမ်ချောင်းကျေးရွာအနီးရှိ မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာနှင့် ဘူးသီးတောင်မြို့နယ် ဂုပ္ပိကျေးရွာသို့ ဆက်သွယ်မည့် လမ်းအရှည် ရှစ်မိုင်ကျော်ရှိသော မေယုတောင်ကျော်လမ်း စတင်ဖောက်လုပ်သည့်နေရာသို့ ရောက်ရှိကြရာ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၇) မှ လမ်းတာဝန်ခံက မြေသားလမ်း စတင်ဖောက်လုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြိမ်ချောင်း-ဗန္ဓုလ လမ်းပေါ်ရှိ ခုံတိုင်(မြို)ကျေးရွာသစ်သို့ ရောက်ရှိကြရာ မြိုတိုင်းရင်းသားများက ရိုးရာအတီးအမှုတ်အကများဖြင့် ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကျေးရွာတည်ဆောက်ရေး ရှင်းလင်းဆောင်၌ မောင်တောခရိုင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက ကျေးရွာသစ်တည်ဆောက်နေမှုနှင့် ကျေးရွာအင်္ဂါရပ်များ ပြည့်စုံအောင် ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ခုံတိုင်(မြို)ကျေးရွာသစ်ကို ကြိမ်ချောင်း-ဗန္ဓုလလမ်း ပဒကားချောင်းနံဘေးရှိ မြေ ၃၅ ဧကပေါ်၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ တစ်ထပ်တိုက် ၉၆ လုံး၊ ကျေးရွာ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် သာသနိက အဆောက်အအုံများကို စတင်ဆောက်လုပ်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၈ စုအတွက် ငွေကျပ် ၁၉ သိန်းနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် တစ်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ငွေကျပ် နှစ်သိန်း ပေးအပ်ကြပြီး ကျေးရွာအသစ်တည်ဆောက်နေမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်တံတားနှင့် နယ်စပ်ခြံစည်းရိုး ကာရံထားမှုကို လည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ တောင်ပြိုလက်ဝဲ ဝင်၊ ထွက်စခန်းအနီးတွင် ပြန်လည်ဝင်ရောက်လာကြမည့်သူများအား ယာယီစစ်ဆေးလက်ခံရန် လျာထားဆောင်ရွက်လျက်ရှိသည့် မြေနေရာအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒိုင်းနက်လူမျိုးများ နေထိုင်ရာ သဘော်လှကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးစကားပြောကြား၍ အသက်(၁၀၀)ခန့်ရှိ အဘိုး၊ အဘွား ငါးဦးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ငွေများကို ဂါရဝပြု ပေးအပ်သည်။

ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံရန် လျာထားသည့် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ငါးခူရစခန်းအနီးရှိ မြေနေရာနှင့် လှေဆိပ်တို့အား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ငါးခူရကျေးရွာ အုပ်ချုပ်ရေးရုံး၌ ဗုဒ္ဓဘာသာ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံ၍ နယ်မြေလုံခြုံရေး၊ နေထိုင်စားသောက်မှု အခြေအနေများအပါအဝင် သိရှိလိုသည်များကို မေးမြန်းကြရာ ကျေးရွာသားများက အချိန်မီ စပါးရိတ်သိမ်းရန်လိုအပ်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာ၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အခြားလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

## စစ်တွေမြို့၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**စစ်တွေ နိုဝင်ဘာ ၁၃**

ဂျပန် ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇)၏ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းကို နိုင်ငံတစ်ဝန်း၌ နိုဝင်ဘာ ၁၅ ရက်တွင် တစ်ပြိုင်တည်း ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။



ရခိုင်ပြည်နယ်၏ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကကြီးမှူး၍ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ပြည်သူလူထုထံသို့ အသိပညာပေးခြင်း၊ လှုံ့ဆော်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့ရှိ မြို့မဈေး၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ အမြန်ရေယာဉ်ဆိပ်၊ လေဆိပ်၊ လူစည်ကားရာ နေရာများနှင့် လမ်းဆုံလမ်းခွများတွင် ပိုစတာများ၊ မြေစိုက်ပိုစတာများ၊ ဆေးထိုး စုရပ်နဖူးစည်း၊ ဖိတ်ကြားလွှာ၊ ကာကွယ်ဆေးထိုးမှတ်တမ်း၊ အသိပညာပေးလက်ကမ်းစာစောင်၊ လမ်းဖြတ် နဖူးစည်း၊ စည်းရုံးလှုံ့ဆော်ရေးသီချင်းနှင့် တေးဗီဒီယိုများ ပါဝင်သော ဒီဗွီဒီ၊ ဈေးဆိုင်များတွင် ချိတ်ဆွဲရန် နဖူးစည်းနှင့် တီရှပ်အင်္ကျီများ ဝေငှခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာ၌ ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) သင်တန်းသား သင်တန်းသူ ၁၀၁ ဦးက ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၃**

၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကို စတင်ကျင်းပရာ ကာယဗလမောင်ပြိုင်ပွဲတွင် ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက်ပြိုင်ပွဲဝင်များက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ၆၀ ကီလိုတန်းတွင် ဦးမောင်သိန်းက ပထမ၊ ၆၅ ကီလိုတန်းတွင် ကျော်စံလင်းက ပထမ၊ ၇၀ ကီလိုတန်းတွင် မောင်ထွန်းလင်းက ပထမဆုရရှိကြပြီး စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ကျင်းပရာ အရပ် ၅ ပေ ၃ လက်မအောက် ပြိုင်ပွဲဝင် ၁၅ ဦးနှင့် အရပ် ၅ ပေ ၃ လက်မအထက် ပြိုင်ပွဲဝင် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်က ၅ ပေ ၃ လက်မအထက်တွင် ပထမဆုရရှိသော မခင်မို့မို့ကျော်နှင့် ဆုရရှိကြသူများအား လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက ၅ ပေ ၃ လက်မအောက်တွင် ပထမဆုရရှိသော မခွါညိုသင်းနှင့် ဆုရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ကြသည်။

ယနေ့ပြိုင်ပွဲကို၂၀၁၇ ခုနှစ်တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

“အရင်တုန်းက ရခိုင်ပြည်နယ်မှာ ကာယဗလ မောင်နဲ့ ကာယအလှမယ်ပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ပါတယ်၊ ကာယကြံ့ခိုင်မှုအနေနဲ့ ၂၀၁၄ ခုနှစ်မှာ တစ်ကြိမ်ကျင်းပခဲ့ပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွေမှာ မကျင်းပနိုင်ခဲ့ပါဘူး၊ ဒီပြိုင်ပွဲက ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံပြိုင်ပွဲ ဖြစ်တဲ့အတွက် မြို့နယ်အားလုံးက ပြိုင်ပွဲဝင်အားကစားသမားတွေ ရရှိအောင် ကာယဗလမောင်ပြိုင်ပွဲမှာ တစ်မြို့နယ်က လေးဦး၊ ကာယကြံ့ခိုင်မှုမှာ တစ်တန်းကို နှစ်ဦးနှုန်းနဲ့ လေးဦးရရှိအောင် စီစဉ်ခဲ့ရပါတယ်၊ ကာယဗလမောင်ပြိုင်ပွဲမှာ ပထမ တစ်သိန်းခွဲ၊ တစ်သိန်းခုနစ်သောင်းနဲ့ ဆုချီးမြှင့်ပေးခဲ့ပြီးတော့ ကာယကြံ့ခိုင်မှုပြိုင်ပွဲမှာ ပထမ နှစ်သိန်း၊ တစ်သိန်းခွဲ၊ တစ်သိန်းနဲ့ ဆုချီးမြှင့်ခဲ့ပါတယ်။ ဒီပြိုင်ပွဲက ပထမဆုရရှိတဲ့သူတွေကို ရန်ကုန်မြို့မှာ ကျင်းပမယ့် ၂၀၁၇ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကာယဗလမောင်နဲ့ အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲမှာ ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် စခန်းသွင်းလေ့ကျင့်ပေးသွားမှာပါ” ဟု ရခိုင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဌေးက ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သတင်း

## တစ်ဖက်နိုင်ငံမှ ပြန်လာသူများအား ပြန်လည်လက်ခံမည့်စခန်းများနှင့် ဒေသခံတိုင်းရင်းသား နေအိမ်အဆောက်အအုံများ လပိုင်းအတွင်း အပြီးတည်ဆောက်မည်

**မောင်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အစွန်းရောက်အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာ ပြည်သူများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများအား စခန်းနေရာများနှင့် နေအိမ်အဆောက်အအုံများကို နိုဝင်ဘာ ၈ ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်နေရာ အဆိုပါလုပ်ငန်းစဉ်များအား ရက်ပိုင်းနှင့် လပိုင်းအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် UEHRD စီမံကိန်းအောက်ရှိ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ သိရသည်။



**ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းအဖွဲ့ အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသိန်း။**

"ကျွန်တော်တို့အဖွဲ့အနေနဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဆိုပေမယ့် လမ်း၊ ရေ၊ မီး၊ တံတားအပါအဝင် အားလုံးပါဝင်ပါတယ်၊ အားလုံးအဓိကထား လုပ်ဆောင်ဖို့လာတာပါ၊ လတ်တလော လက်ရှိတိုင်းရင်းသားတွေ ပြန်လည်နေရာချထားနိုင်ဖို့အတွက် ကယ်ဆယ်ရေးစခန်းတွေမှာ ရောက်ရှိနေတဲ့ တိုင်းရင်းသားတွေကို ပြန်လည်နေရာချထားပေးဖို့ အဓိကဦးစားပေးလုပ်နေပါတယ်၊ ဒါနဲ့အတူ ပြန်လည်လက်ခံရေးစခန်းတွေကိုလည်း တစ်ပြိုင်နက်တည်း လုပ်ဆောင်သွားပါ့မယ်၊ အခုဆိုရင် ဦးစားပေးအနေနဲ့ အိမ်ခြေ ၇၂ လုံးရှိတဲ့ အိုးထိန်းဟိန္ဒူကျေးရွာကို နိုဝင်ဘာ ၈ ရက်ကပဲ စတင်အကောင်အထည်ဖော်နေပါပြီ၊ တစ်ဆက်တစ်စပ်တည်းအိမ်ခြေ ၁၇၃ လုံးပါရှိမယ့် ဝန်းကျင်ကျေးရွာ ခုနစ်ရွာနဲ့ တစ်ဖက်နိုင်ငံက ပြန်လည်လက်ခံပေးမယ့် စခန်းတွေကိုလည်း ဆောက်လုပ်ပေးသွားမှာပါ၊ ပြန်လည်လက်ခံစိစစ်ပေးမယ့် စခန်းတွေကို ရက်ပိုင်းအတွင်းအပြီးနဲ့ ကျေးရွာသစ်တွေကိုတော့ လပိုင်းအတွင်း အပြီးတည်ဆောက်ပေးသွားမှာပါ" ဟု ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသိန်းက ပြောသည်။

ပုဂ္ဂလိကကဏ္ဍလုပ်ငန်းအဖွဲ့ ကိုးဖွဲ့မှ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် ယခုအခါ တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများအား စိစစ်လက်ခံမည့် စခန်းနေရာများ၊ ဝန်ထမ်းများ တည်းခိုနေထိုင်နိုင်ရန် ပြန်လည်ပြုပြင်မည့် အဆောက်အအုံများနှင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်နေရာချထားပေးမည့် ကျေးရွာနေအိမ်သစ်များ ပြန်တည်ဆောက်မှုကို နိုဝင်ဘာ ၈ ရက်တွင် စတင်ကွင်းဆင်းလုပ်ကိုင်လျက်ရှိသည်။ ဝန်ထမ်းအင်အား ၅၀ ဖြင့် အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင် နေ့ညမပြတ် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပုံမှန်အားဖြင့် တစ်လ၊ တစ်လခွဲလောက်ကြာမည့် လုပ်ငန်းများကို ရက်ပိုင်းအတွင်း အပြီးအင်တိုက်အားတိုက် လုပ်ဆောင်မည်ဖြစ်ကာ ဒေသ၏ အဓိကစိန်ခေါ်မှုဖြစ်သော လုပ်သားအခက်အခဲများကိုလည်း ပြည်မဘက်မှခေါ်ယူ၍အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသိန်းက "ကျေးရွာသစ်တွေကို တည်ဆောက်တဲ့ အခါမှာ တစ်လ၊ တစ်လခွဲလောက် ကြာမယ်လို့ ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ အကွက်တွေ ပြန်ဖော်၊ လမ်းတွေဖောက်ရမယ်၊ အိမ်တွေကိုလည်း သံကူကွန်ကရစ်အုတ်စီ ပေ ၄၀ × ၆၀ လုံးချင်း တန်ဖိုးသင့်အိမ်ရာ ပုံသဏ္ဌာန်တွေ ဆောက်လုပ်ပေးသွားမှာပါ၊ နေအိမ်တွေကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်တဲ့ ပုံစံလေးတွေအတိုင်း ဆောက်လုပ်ပေးမှာပါ၊ ဒေသနဲ့ကိုက်ညီတဲ့ ပုံစံလေးတွေပါ၊ ဒီမှာက အဓိက လုပ်သားစိန်ခေါ်မှုရှိပါတယ်၊ လတ်တလော ဒေသကတော့ အေးအေးချမ်းချမ်းပါပဲ၊ အခု ကျွန်တော်တို့အဖွဲ့ ရှေ့ပြေးအနေနဲ့ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေ အပါအဝင် ၁၈ ဦး ပါဝင်ပါတယ်၊ နောက်ထပ်လည်း အလုပ်သမားတွေ ထပ်မံဖြည့်ဆည်းပေးသွားမှာပါ၊ ဒေသခံတွေကိုလည်း ဝင်ရောက်လုပ်ကိုင်စေချင်တယ်၊ ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့အနေနဲ့ တန်ရာတန်ကြေးပေးမှာဖြစ်လို့ သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းရသလိုဖြစ်မှာပါ" ဟု ထပ်မံရှင်းပြသည်။

မောင်တောဒေသ၌ လတ်တလော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် လုပ်ဆောင်နေသော ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအဖွဲ့အောက်တွင် ကဏ္ဍအဖွဲ့ကိုးဖွဲ့ထဲမှ အဖွဲ့တစ်ခုဖြစ်ပြီး အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာအသင်းက ဦးဆောင်ပြီး MCEA၊ အင်ဂျင်နီယာအသင်း၊ ဗိသုကာအသင်း၊ သစ်လုပ်ငန်းရှင်အသင်း၊ ရေကြောင်းပို့ဆောင်ရေးအသင်းစသည်ဖြင့် အသင်းပေါင်းစုံ ပါဝင်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

## (၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ဘူးသီးတောင်မြို့တွင် ကျင်းပ

**ဘူးသီးတောင် နိုဝင်ဘာ ၁၃**

ဘူးသီးတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက (၉၇) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၉၇) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး (ခရိုင်အဆင့်) ပြိုင်ပွဲများတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများအသီးသီး ချီးမြှင့်သည်။

အခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေပုံမြို့၌ (၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပ

**မြေပုံ နိုဝင်ဘာ ၁၃။** ။ မြေပုံမြို့၌ (၉၇)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၉၇) နှစ်မြောက်အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ဖတ်ကြားသည်။

ထို့နောက်(၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့တွင် ဆုရရှိသူများအား ဌာနဆိုင်ရာများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒီလိုသင်တန်းမျိုးတွေကို ဖွင့်လှစ်ပေးတဲ့အတွက် ကျွန်မတို့လို ကျေးလက်ဒေသနေ အမျိုးသမီးတွေအတွက် အလွန်အကျိုးရှိပါတယ်

**ဘူးသီးတောင် နိုဝင်ဘာ ၁၃**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသတွင်း ကျေးရွာများမှ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းကို နိုဝင်ဘာ ၇ ရက်မှ စတင်ကာ ဘူးသီးတောင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ၊ သင်တန်းသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။




ဦးထွန်းလှိုင်




ဒေါ်အိစံပယ်




မဇင်မာဦး




မနုအေးခိုင်

**ဦးထွန်းလှိုင်(မြို့နယ်မှူး၊ ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဘူးသီးတောင်မြို့နယ်မှာ အရင်က အမျိုးသားတွေအတွက် ဆိုင်ကယ်စက်ပြင်သင်တန်း နှစ်ကြိမ်ဖွင့်ခဲ့ပါတယ်။ အခုကတော့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ရွာတွေက အမျိုးသမီးလေးတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့အတွက် အပ်ချုပ်သင်တန်းဖွင့်လှစ်တာပါ။ သင်တန်းသူတွေကို မနက်မှာ လက်ဖက်ရည်တိုက်တယ်။ နေ့လယ်မှာ ထမင်းကျွေးပါတယ်။ နေတာကတော့ ဘူးသီးတောင်မြို့ပေါ်မှာရှိတဲ့ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေ အိမ်မှာပဲနေကြပါတယ်။ သင်တန်းကို နှစ်ကြိမ်လုပ်ထားပါတယ်။ အခြေခံသင်တန်းကို ရက် ၂၀ အဖြစ်သတ်မှတ်ထားတယ်။ တစ်ပတ်နားပြီး မွမ်းမံသင်တန်း ရက် ၂၀ ထပ်ဖွင့်မယ်။ စုစုပေါင်းသင်တန်းကာလ ရက်လေးဆယ် သင်ပြပေးသွားပါမယ်။ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့အတွက်လည်း ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးရဲ့အစီအစဉ်နဲ့ စစ်တွေမြို့မှာရှိတဲ့ အပ်ချုပ်စက်ရုံတွေမှာ အလုပ်အကိုင်ရရှိဖို့အတွက် ချိတ်ဆက်ဆောင်ရွက်ထားပါတယ်။ သင်တန်းက နောက်ထပ် ဆက်ဖွင့်သွားဖို့ ရှိပါတယ်။ အပ်ချုပ်သင်တန်းပြီးသွားရင် အမျိုးသားတွေအတွက် ဆိုင်ကယ်ပြင်သင်တန်းနဲ့ အင်ဂျင်ကိုင်တဲ့ သင်တန်းတွေ နောက်ထပ်ဖွင့်လှစ်သွားဖို့ရှိပါတယ်။

**ဒေါ်အိစံပယ်(အပ်ချုပ်သင်တန်းနည်းပြ၊ မြင်းလွတ်ကျေးရွာ မောင်တောမြို့နယ်)**

အရင်က မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာမှာနေတယ်။ အိမ်မှာ အပ်ချုပ်ဆိုင်ဖွင့်ထားတယ်။ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေကို ကြောက်လို့ မြင်းလွတ်ကနေ ဘူးသီးတောင်မြို့ပေါ်ကို ထွက်ပြေးလာတာပါ။ ဘူးသီးတောင်မှာ အိမ်ငှားပြီးနေပါတယ်။ အခုလို ဘူးသီးတောင်မှာ အိမ်ငှားနေရတော့ အလုပ်ကလည်းမရှိ၊ စားဝတ်နေရေးကလည်းရှိတော့ ဒီကျေးလက်ရုံးမှာ အပ်ချုပ်သင်တန်းဖွင့်မယ်ကြားပြီး ဆရာမတစ်ယောက်လိုတယ်ကြားလို့ အလုပ်လျှောက်လိုက်တာပါ။ အပ်ချုပ်သင်တန်းနည်းပြပါ။ သင်တန်းမှာက တချို့မိန်းကလေးတွေကျတော့ ဘာသာစကားအခက်အခဲ အနည်းငယ်ရှိသူတွေပါသလို တချို့ကျတော့လည်း သင်ပြရတာလွယ်ပါတယ်။ သေချာသင်ပြပေးတော့ လိုက်နာကြပါတယ်။ ဒီသင်တန်းမှာတော့ ခေါင်းအုံးစွပ်၊ အမျိုးသမီးအင်္ကျီ၊ ကလေးအင်္ကျီ၊ အမျိုးသားဝတ်ရှပ်အင်္ကျီ၊ ထဘီ၊ စကတ်အမျိုးမျိုး သင်ပေးရပါတယ်။ တချို့သင်တန်းသူတွေကတော့ သင်တန်းပြီးရင် ရွာမှာပြန်အလုပ်လုပ်လို့ရအောင်ထိ ရည်မှန်းထားကြပါတယ်။

**မဇင်မာဦး(သင်တန်းသူ၊ ကန်ပြင်ကျေးရွာ ဆည်တောင်အုပ်စု ဘူးသီးတောင်မြို့နယ်)**

ကျေးရွာအုပ်ချုပ်ရေးမှူးက ဘူးသီးတောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှာ အပ်ချုပ်သင်တန်းဖွင့်မယ်လို့ပြောတာနဲ့ စာရင်းပေးပြီးလာတက်တာပါ။ သင်တန်းက ထမင်းမနက်စာတစ်နပ်ကျွေးပြီး ညနေစာကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စားရပါတယ်။ နေတာကတော့ မြို့ပေါ်က ဆွေမျိုး အိမ်မှာနေပါတယ်။ သင်တန်းဆင်းပြီးသွားရင်တော့ ကိုယ့်ရွာမှာ ကိုယ်ပြန်ပြီး အပ်ချုပ်လုပ်ငန်း လုပ်ကိုင်မှာပါ။ အခုသင်တန်းမှာ ရွာက သူငယ်ချင်းတစ်ယောက်လည်း ပါပါတယ်။

**မနုအေးခိုင်(သင်တန်းသူ၊ သိမ်းတောင်ပြင်ကျေးရွာ ဘူးသီးတောင်မြို့နယ်)**

ဘူးသီးတောင်မြို့နယ် ဆင်တော်ပြန်ရွာက လာပြီးတက်တာပါ။ ဒိုင်းနက်လူမျိုးပါ။ အသက်က (၁၈) နှစ်ရှိပါပြီ။ ရွာကအုပ်ချုပ်ရေးမှူးက ဒီမှာအပ်ချုပ်သင်တန်းရှိတယ်ဆိုလို့ စိတ်ဝင်စားလို့ သင်တန်းလာတက်တာပါ။ ရွာက ဒီသင်တန်းလာတက်တာနှစ်ယောက်ပါ။ ရွာမှာက အပ်ချုပ်တဲ့သူနည်းတယ်။ မိန်းကလေးတွေအတွက်လည်း အလုပ်ကရှားတယ်။ သင်တန်းပြီးရင်တော့ ရွာမှာ အပ်ချုပ်အလုပ် ပြန်လုပ်ကိုင်မှာပါ။ ဒီလိုသင်တန်းမျိုးတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးတဲ့အတွက် ကျွန်မတို့လို ကျေးလက်ဒေသနေ အမျိုးသမီးတွေအတွက် အလွန်အကျိုးရှိပါတယ်။ ကျွန်မတို့လို နယ်စပ်ဒေသက မိန်းကလေးတွေအတွက် ထပ်ပြီးဖွင့်လှစ်ပေးဖို့လည်း မျှော်လင့်မိပါတယ်။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**
**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# စစ်တွေမြို့၌ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား(သစ်လွင်) သင်တန်းဆင်းပွဲနှင့် အရန်သားဖွားဆရာမများ(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၁၃**
ရခိုင်ပြည်နယ် စစ်တွေမြို့၌ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား(သစ်လွင်) သင်တန်းဆင်းပွဲနှင့် အရန်သားဖွားဆရာမများ (မွမ်းမံ)သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဒေသန္တရကျန်းမာရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာ၊ IRC (အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့) Health Coordinator ဒေါက်တာကျော်ထွန်းနိုင်၊ ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာနှင့် IRC (အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့) Health Coordinator ဒေါက်တာကျော်ထွန်းနိုင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီစွာ ရရှိခံစားနိုင်ရေးအချက်များ ပါဝင်သည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာ လူတိုင်းအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအသိပညာမြင့်မားရေး၊ ရောဂါကာကွယ်ရေး၊ မိခင်သေနှုန်းကျဆင်းရေး၊ ကလေးသေနှုန်းကျဆင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေး စသည့် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းဖြင့် ဆောင်ရွက်နေသူများမှာ အရန်သားဖွားဆရာမများနှင့် စေတနာ့ဝန်ထမ်း လူထုကျန်းမာရေး လုပ်သားများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစီမံချက် ၂၀၁၇ -၂၀၂၂ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သားနှင့် အရန်သားဖွားဆရာမများကို ယခုလို မွေးထုတ်ပေးခြင်းဖြစ်ကြောင်း စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးစောဝင်းမောင်က ပြောသည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်

ထို့နောက် လူထုကျန်းမာရေး လုပ်သားများကိုယ်စား သင်တန်းသားတစ်ဦးက လည်းကောင်း၊ အရန်သားဖွားဆရာမများကိုယ်စား သင်တန်းသားတစ်ဦးက လည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ငါးဖမ်းစဉ် ခြောက်လုံးပြူးသေနတ်နှင့် ကျည်ဆန်များတွေ့ရှိ၍ လာရောက်အပ်နှံ

**ပဲခူး နိုဝင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး အုတ်ဖိုရဲစခန်းသို့ နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီခန့်က လုပ်သေနတ် ခြောက်လုံးပြူးတစ်လက်နှင့် ကျည်များ လာရောက်အပ်နှံကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်ဖိုမြို့ ကွေ့ချောင်းရပ်ကွက်ရှိ မောင်မျိုးမင်း (၉)နှစ်၊ မလဲ့လဲ့ဝင်း (၆)နှစ်တို့ မောင်နှမနှစ်ဦးသည် သိမ်ကျောင်းရိုးအတွင်း ငါးဖမ်းစဉ် လုပ်သေနတ်ခြောက်လုံးပြူး (တစ်ထောင့်ထိုး)တစ်လက်၊ နံပါတ်မပါ၊ ၉ မမ ကျည် နှစ်တောင့် ၁၉၇၇၊ ပွိုင့် ၃၈ ကျည် (2Z54RAL)၊ ပွိုင့် ၃၀ ကာဘိုင်ကျည်တစ်တောင့် (LC54)တို့အား ပလတ်စတစ်အိတ်အတွင်း ထည့်ထားသည်ကို တွေ့ရှိသဖြင့် ယူဆောင်လာပြီး ဖခင်ဖြစ်သူ ဦးတင်မျိုးဝင်းအား ပေးအပ်ခဲ့သည်။

ဦးတင်မျိုးဝင်းက အလံတိုင်ကုန်းစု ကွေ့ချောင်းရပ်ကွက် အုပ်ချုပ်ရေးမှူး


ဦးစိန်လွင်ဦးထံ အပ်နှံရာ ၎င်းမှတစ်ဆင့် အုတ်ဖိုရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပရိဘောဂယာဉ် ဘရိတ်ပေါက်ပြီး ရေထဲပြုတ်ကျ

**ကော့ကရိတ် နိုဝင်ဘာ ၁၃**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကျုံဒိုး-ညောင်ရိပ်သာ ကူးတို့ဆိပ်တွင် ပရိဘောဂယာဉ်တစ်စီး ရေထဲသို့ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် နံနက် ၄ နာရီတွင် မြဝတီမှ မော်လမြိုင်သို့ ငါး ၄၁ ဖာတင်ဆောင်၍ ကျောက်ပုံကျေးရွာ မုပွန်မြို့နယ်နေ ချစ်ဦး(၂၃)နှစ် မောင်းနှင်လာသော ပရိဘောဂယာဉ်သည် ကမ်းနားသို့အဆင်းတွင် ဘရိတ်ပေါက်သွားသဖြင့် ယာဉ်မောင်းသည် ယာဉ်ပေါ်မှ ခုန်ဆင်းခဲ့ပြီး ယာဉ်မှာ ရေထဲသို့ထိုးကျသွားကာ နစ်မြုပ်သွားခဲ့သည်။

ဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်းအား ကျုံဒိုး မြို့မရဲစခန်းက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**
ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၅၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် မူဆယ်သို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင် (၁၉၁)မိုင် ပန်ဖတ်ကျေးရွာနှင့် ပန်ဖတ်တံတားအကြား ရပ်တန့်ထားသော DYNA ခြောက်ဘီးယာဉ်တစ်စီးကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁၁၇ လုံး (၂ ဒသမ ၅၅၈၂ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၂၆၇ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကလေးဝမြို့နယ်တွင် ကားဖြင့်သယ်ဆောင်လာသော တမလန်းခွဲသားများ သိမ်းဆည်းရမိ

**ကလေးဝ နိုဝင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ကလေးဝ-ရေဦးကားလမ်း မိုင်တိုင် (၈၄)မိုင်အနီး အောင်ချမ်းသာကျေးရွာအနောက်ဘက် လေးမိုင်ခန့်အကွာတွင် ယနေ့ နံနက် ၄ နာရီက ယာဉ်မောင်း ဦးခင်မောင်ကြည် (၄၅) နှစ် မောင်းနှင်လာသော Light Track ကားဖြင့် ကလေးဝမြို့နယ် ယုဇလယ်ကျေးရွာမှ သယ်ဆောင်လာသော တမလန်းခွဲသားဆိုဒ်စုံ ကိုးချောင်း (သုည ဒသမ ၅၀၈၂ တန်)ကို မဟာမြိုင်ဘိနယ်တာဝန်ခံ ဦးစန်းနိုင်နှင့် အဖွဲ့ဝင်များက သက်သေများနှင့်အတူ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**
ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီက ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း သက္ကယ်ချင်းကျေးရွာလမ်းဆုံတွင် ထွန်းထွန်းနိုင် (ခ)ထွန်းနိုင်မောင်းနှင်ပြီး မသန်းသန်းဦး(ခ)မဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မသန်းသန်းဦး(ခ)မဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၄၆ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊

အလားတူ ယနေ့ နံနက် ၁၀ နာရီက မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မြို့ဦးအုပ်စု လသာကျေးရွာနေ မဆေတာရာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄ ပြားကို လည်းကောင်း၊

နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်ဝိုးကောင်ရွာထိပ် ကျိုင်းတုံ-တာချီလိတ် ကားလမ်းတွင် ဆိုင်ကယ်နှင့်အတူ အားဆန်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု စလီကျေးရွာ Level ကားအလှဆင်ဆိုင်နေ စိုင်းနွန်း(ခ) ထေဝါဆပ်ရွတ်(ထိုင်းနိုင်ငံသား)ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ ကို လည်းကောင်း။

အလားတူ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် သစ္စာလမ်းနှင့် ခွာညိုလမ်းထောင့်တွင် မနန်းကူ၊ စိုင်းဆန်လူး၊ မနန်းခေါင်လူ၊ မနန်းစံငွေနှင့် မနန်းနုယဉ်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းစိမ်း ၂၇ ဒသမ ၆ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၃**
ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ ပန်းတင်အမြန်လမ်းပိုင်းတွင် ကိုသူမောင်းနှင်လာသော မော်တော်ဆိုင်ကယ်မှာ ယနေ့ မွန်းလွဲပိုင်း ၁၂ နာရီခွဲက အမြန်လမ်းအား အရှေ့မှအနောက်သို့ ဖြတ်မောင်းစဉ် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း ဦးစိုးဝင်း မောင်းနှင်လာသည့်ယာဉ် ယာဘက်တံခါးအား ဝင်တိုက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းသူ ကိုသူမှာ ဒဏ်ရာရရှိ၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သို့ပါ၍ အမြန်လမ်းပေါ်တွင် တက်ရောက်မောင်းနှင်ခွင့်မရှိဘဲ မော်တော်ဆိုင်ကယ်အား အမြန်လမ်းပေါ် တက်ရောက်မောင်းနှင်သောကြောင့် သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အပြင် ယမန်နေ့ ည ၈ နာရီ ၃၅ မိနစ်က အမြန်လမ်းမကြီးတွင် ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း စန်းကိုဦး မောင်းနှင်လာသော ဘုရားဖူးယာဉ်မှာ ရှေ့မှယာဉ်မောင်း ထွန်းထွန်းစိုး မောင်းနှင်သောယာဉ်အား ကျော်တက်စဉ် ယာဉ်နှစ်စီးယှဉ်၍ မောင်းနှင်ရာမှ တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်နှစ်စီးစလုံးပေါ်မှ ခရီးသည်များ ထိခိုက်မှုမရှိသော်လည်း ယာဉ်များမှာ အနည်းငယ်ပျက်စီးသွားကြောင်း သိရသည်။ သို့ပါ၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းများအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ဘီဘီစီအာဖရိကတစ်နှစ်တာအကောင်းဆုံးဆုအတွက် အော့ဘာမေယန်နှင့် ဆာဒီယိုမာနေးတို့ရေပန်းစားနေ

၂၀၁၇ ခုနှစ်၏ ဘီဘီစီ အာဖရိကတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို လာမည့်ဒီဇင်ဘာလတွင် ပေးအပ်ချီးမြှင့်တော့မည်ဖြစ်ရာ အဆိုပါဆုအတွက် လက်ရှိတွင် ကစားသမားငါးဦးစာရင်းထွက်ပေါ်လျက်ရှိပြီး အော့ဘာမေယန်၊ နာဘီကီတာ၊ ဆာဒီယိုမာနေး၊ ဗစ်တာမော့ဆက်နှင့် မိုဟာမက်ဆာလတ်တို့ပါဝင်လာခဲ့ကြောင်း သိရသည်။

ယင်းကစားသမားငါးဦးအနက် အော့ဘာမေယန်နှင့် ဆာဒီယိုမာနေးတို့မှာ ဆုရရှိရန်ရေပန်းစားလျက်ရှိပြီး ဆုပေးပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းလည်းသိရသည်။

ဒေါ့မွန်အသင်းနှင့် ဂါဘွန်အသင်းတို့၏ အားထားရသည့် ကွင်းလယ်ကစားသမား အော့ဘာမေယန်သည် ယခုနှစ်တွင် ပဏာမရွေးချယ်ခံခဲ့ရသည့် ကစားသမားစာရင်းတွင် ငါးနှစ်ဆက်တိုက်ပါဝင်လာခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းမှ ဆီနီဂေါလူငယ်ကြယ်ပွင့် မာနေးသည်လည်း သုံးနှစ်ဆက်တိုက်ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းမှ နိုင်ဂျီးရီးယားလူငယ်ကစားသမား ဗစ်တာမော့ဆက်သည် နှစ်ကြိမ်ဆက်တိုက် ပဏာမကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး ကီတာနှင့် မိုဟာမတ်ဆာလတ်တို့မှာမူ ယခင်ကတစ်ကြိမ်မျှ အရွေးချယ်ခံကစားသမားအဖြစ် ပါဝင်လာခဲ့ခြင်းမရှိဘဲ ယခုတစ်ကြိမ်မှသာ ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ဖေဖော်ဝါရီလကတည်းက ကျင်းပပြီးစီးခဲ့ခြင်းဖြစ်သော်လည်း ယခုပေးအပ်မည့် ဘီဘီစီအာဖရိကတစ်နှစ်တာအကောင်းဆုံးဆုအတွက်မူ အာဖရိကအခြေစိုက်သတင်းစာပညာရှင်များနှင့် နည်းပြများအနေဖြင့် ကင်မရွန်းကစားသမားတစ်ဦးတစ်ယောက်ကိုမျှ ရွေးချယ်ခဲ့ခြင်းမရှိခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

ဒေါ့မွန်ကွင်းလယ်ကစားသမား အော့ဘာမေယန်သည် ၂၀၁၇ ခုနှစ်တွင် ထူးချွန်သည့်ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ဒေါ့မွန်အသင်းနှင့်အတူ သွင်းဂိုး ၃၅ ဂိုးသွင်းယူပေးခဲ့ကာ ဂျာမန်ပိုကယ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်သည်။

လီဗာပူးကစားသမား ဆာဒီယိုမာနေးသည်လည်း ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လီဗာပူးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် မဲပေးခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ဘလွန်းဒီအောဆုအတွက် ပဏာမကစားသမားစာရင်းတွင်လည်း ပါဝင်လျက်ရှိကြောင်းသိရသည်။




# စပါးကွင်းလယ်ကစားသမား ဒမ်ဘီလီ အာဆင်နယ်နှင့် ပွဲစဉ်တွင် ပါဝင်လာမည်

စပါးကွင်းလယ်ကစားသမား ဒမ်ဘီလီသည် လက်ရှိတွင် ရရှိထားသည့်ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ယခုသီတင်းပတ်အကုန်တွင် ယှဉ်ပြိုင်ကစားမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။

ဘယ်လ်ဂျီယံကြယ်ပွင့် ဒမ်ဘီလီသည် ခြေထောက်ဒဏ်ရာရရှိထားရာမှ အပြည့်အဝပြန်လည်ကစားနိုင်ပြီဖြစ်ပြီး လွန်ခဲ့သည့်နှစ်လကျော်ကမူ ဒဏ်ရာပြဿနာကြောင့် ပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲမှ ပါဝင်ကစားပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ဒမ်ဘီလီသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲသာလျှင် ပါဝင်ပွဲထွက်ကစားနိုင်ခဲ့ပြီး ခရစ္စတယ်ပဲလေ့အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်မူ ၄၅ မိနစ် ပါဝင်ကစားပေးခဲ့သည်။

စပါးအသင်းသည် လက်ရှိတွင် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် မန်စီးတီးအသင်းနှင့် ရှစ်မှတ်ကွာအနေအထားဖြင့် အဆင့်(၃)နေရာတွင်ရပ်တည်လျက်ရှိသည်။




## ဘောလုံးလောကသတင်းတိုများ

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် စပါးကွင်းလယ်ကစားသမား ဒမ်ဘီလီအား ဘာစီလိုနာအသင်းသို့ ရောက်ရှိလာရန် မျှော်လင့်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဒမ်ဘီလီအား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်လည်ခြေချရန်စီစဉ်လျက်ရှိပြီး ဆောက်သမ်တန်အသင်းနှင့် နယူးကာဆယ်အသင်းတို့၏ မျက်စိကျခြင်းကိုလည်း ခံထားရကြောင်း သိရသည်။**

မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား အဆန်စီယိုအား ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပေါင် ၁၇၇ သန်းအထိပေး၍ ကမ်းလှမ်းရန်အသင့်ရှိနေကြောင်း သိရသည်။

**ဝက်စ်ဟမ်းအသင်းသည် တိုက်စစ်မှူး အနာတိုဗစ်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချလိမ့်မည်မဟုတ်ကြောင်းသိရသည်။**

မန်ယူအသင်းသည် အင်္ဂလန်နောက်ခံလူလုခ်ရှော်အား ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ရောင်းချသွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်




# ချယ်လ်ဆီးကွင်းလယ်လူ ဟာဇက် ရီးယဲလ်နည်းပြဇီဒန်း၏ ပထမပစ်မှတ်ဖြစ်လာ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ကွင်းလယ်ကစားသမား ဟာဇက်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်း၏ လက်အောက်တွင် ကစားလိုကြောင်း ဘယ်လ်ဂျီယံရုပ်မြင်သံကြားဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် အောင်မြင်မှုရရှိနေသည့် နည်းပြဇီဒန်းကလည်း အဆိုပါဘယ်လ်ဂျီယံကွင်းလယ်ကစားသမားဟာဇက်အား ခေါ်ယူရန်အတွက် ပထမဦးစားပေးပစ်မှတ်အဖြစ် သတ်မှတ်လာခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဟာဇက်သည် လွန်ခဲ့သည့် ငါးနှစ်ကအနောက်လန်ဒန်ကလပ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်အထိ ဆွတ်ခူးပေးထားနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် ကွင်းလယ်ကစားသမား ဟာဇက်အား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားပြီး ယင်းစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါက ပရီမီယာလိဂ်တွင် စျေးအမြင့်ဆုံးကစားသမားဖြစ်လာမည်ဖြစ်လည်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ဟာဇက် အားစာချုပ်သစ်ချုပ်ဆိုရန်ကမ်းလှမ်းထားသော်လည်း သဘောတူညီမှုတစ်စုံတစ်ရာ ရရှိထားခြင်း မရှိဘဲ စာချုပ်ချုပ်ဆိုခဲ့ပါက တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းရရှိမည်ဖြစ်သည်။

# ဇာဟာအား အာဆင်နယ် ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းသည် ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်မှာ အသင်းမှ ထွက်ခွာတော့မည်ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးရန်အတွက် ခရစ္စတယ်ပဲလေ့အသင်းမှ အိုင်ဗရီကို့စ်ကြယ်ပွင့်ကစားသမား ဇာဟာအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လက်ရှိတွင် တောင်ပံကစားသမား ဇာဟာအား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန်အသင့်အနေအထားတွင်ရှိနေပြီး ခရစ္စတယ်ပဲလေ့အသင်းကမူ ဇာဟာအား အသင်းတွင် ဆက်ရှိရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။



# ခရိုအေးရှားအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိ

ခရိုအေးရှားအသင်းသည် ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားခဲ့သည့် play-off ပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် ဂရိအသင်းအား အနိုင်ရရှိကာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်တစ်နေရာရရှိသွားခဲ့ပြီဖြစ်သည်။

ခရိုအေးရှားအသင်းသည် ပထမအကျော့ အိမ်ကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့အဝေးကွင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ကာ နှစ်ကျော့ပေါင်းဂိုးရလဒ်ဖြင့် ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းသည် ယခုတစ်ကြိမ်ဝင်ခွင့်ရရှိခဲ့ခြင်းကြောင့် လွတ်လပ်ပြီးနောက် ၁၀ ကြိမ်အထိဝင်ခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ**
**ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်  လ  ရက်**
**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) တို့တွင် ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည-၁) လွှမ်းမိုးပိုင်ခွင့် (Controlling Interest) ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်း တစ်ခုတွင် မဲပေးခွင့် (Voting Stock)၊ အဖွဲ့ဝင် ပိုင်ဆိုင်ခွင့် (Membership Interest) သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့် (General Partnership Interest) ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသောပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့် ရစေသည့် ပိုင်ဆိုင်မှု အခြေအနေကို ဆိုသည် -

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု ကော်မတီ၏ ၅၀ ရာခိုင်နှုန်း အထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့် အမှုဆောင်အရာရှိ (Senior Executive) များအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသောနေရာမှ ပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှု ပြုနိုင်ခြင်း။"

(ခ) ပုဒ်မခွဲ (ဈ) ၏ နောက်တွင် ပုဒ်မခွဲ (ဈ-၁) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ-၁) ယာယီလိုင်စင်ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားသူ၏ လုပ်ငန်းလိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိမှုနှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များအတွက် အချိန်ပေးလေ့လာရန် လိုအပ်မှုတို့အပေါ် မူတည်၍ ကောင်စီက ထုတ်ပေးသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်း ယာယီလိုင်စင်ကို ဆိုသည်။"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ်
အရင်းအမြစ်၊ လှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာနကြီး၊
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဥက္ကဋ္ဌ
ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ — အဖွဲ့ဝင်

(ဇ) ကိုယ်စားလှယ်တစ်ဦး
အများပြည်သူဝန်ဆောင်မှု
ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း
လုပ်ငန်းများ — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူး
ပြည်သူ့ဆက်ဆံရေးနှင့်
စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊
ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ကိုယ်စားလှယ်တစ်ဦး
မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်
အသံထုတ်လွှင့်သူများအသင်း — အဖွဲ့ဝင်

(ဋ) ကိုယ်စားလှယ်တစ်ဦး
ကွန်ပျူတာပညာရှင်များအသင်း — အဖွဲ့ဝင်

(ဌ) ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍ) အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန — အတွင်းရေးမှူး"

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (ဎ) လိုင်စင်နှင့် ယာယီလိုင်စင်များ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း၊"

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ကောင်စီသည် -

(က) ဤဥပဒေအရ ပေးအပ်ထားသော တာဝန်များကို ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

(ခ) မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ရုံးအဖွဲ့သို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၈။(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု တစ်နှစ်လုပ်ငန်းယာယီလိုင်စင်"

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က နှင့် ပုဒ်မ ၄၅-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၅-က။ ယာယီလိုင်စင် လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ ယာယီလိုင်စင်လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယာယီလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ယာယီလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "စီးပွားရေးအရ ထုတ်လွှင့်သည့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀ ၌ "လုပ်ငန်းတစ်ခုစီထက်ပို၍" ဆိုသည့် စကားရပ်၏နောက်တွင် "တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ (၅၀-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၀-က။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကောင်စီက အဆုံးအဖြတ်ပေးနိုင်သည်။"

၁၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကိုဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲ ပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုတွင် လွှမ်းမိုးပိုင်ခွင့် (Controlling Interest) ကို ရရှိထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက် ပို၍ပိုင်ဆိုင်ခွင့်မပြုရ။"

၁၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၀တွင် ပါရှိသော "ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ တစ်နှစ်အတွင်း" ဆိုသည့်စကားရပ်ကို "လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီက ရေးဆွဲထုတ်ပြန်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၃။ ဤဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ ထုတ်ပြန်သည့်နေ့ရက်မှ ရက်ပေါင်း ၁၈၀ အတွင်း ကောင်စီကို ဖွဲ့စည်းရမည်။"

---

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး



**ပဲခူး နိုဝင်ဘာ ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် နိုဝင်ဘာ ၁၁ ရက်နံနက် ၁၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းတို့သည် ၂၀၁၅ - ၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မယင်းကျေးရွာအုပ်စု မယင်းရွာဟောင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မူခင်းကာကွယ်ရေး ဟောပြော

**ပုဗ္ဗသီရိ နိုဝင်ဘာ ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ရပ်ကွက်နေ ပြည်သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မူခင်း ကြိုတင်ကာကွယ်ရေးအတွက် လှည့်ကင်း၊ ရပ်ကင်းဆောင်ရွက်နေမှုများကို ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးလှလွင်၊ နယ်ထိန်းရဲအုပ်နေထက်လင်းတို့က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၆၈၉)**

ပုဇွန်တောင်မြို့နယ် အထက(၂)၌ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးသက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ (၁၁၈)





# အင်းဝဒေသရှိ ညောင်ရမ်းခေတ် ဘုရားများအား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လေ့လာမှုများပြား

**တံတားဦး နိုဝင်ဘာ ၁၃**
မြန်မာနိုင်ငံတွင် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ရှေးဟောင်း စေတီပုထိုးများ နေရာအနှံ့အပြား၌ တည်ရှိလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသရှိ ဗားကရာကျောင်း အနောက်ဘက်တွင် ညောင်ရမ်းခေတ် ဘုရားများ တစုတဝေးတည်း လေ့လာနိုင်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများလာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ဒီနေရာမှာ ညောင်ရမ်းခေတ်ဘုရားများကို တစုတဝေးတည်း လေ့လာနိုင်ပါတယ်၊ ကြောင်လိန်ဘုရားနှင့် ဝက်ပါဘုရားများမှာ အပေါ်တက်ပြီး သဘာဝရှုခင်းကို လေ့လာနိုင်သလို အပေါ်ကိုတက်တဲ့ လှေကားတည်ဆောက်ပုံကလည်း ထူးခြားတယ်၊ လာရောက် လေ့လာသူအတွက် ထူးခြားမှုပေးစွမ်းနိုင်တယ်၊ တစုတဝေးတည်း တည်ရှိနေတော့ လာရောက်လေ့လာရတာ အဆင်ပြေတာပေါ့၊ ခေတ်တစ်ခေတ်ရဲ့ ထူးခြားတဲ့ ဗိသုကာ တည်ဆောက်ပုံတွေလေ့လာနိုင်ပါတယ်၊ ဒီနှစ် ခရီးသွားရာသီမှာ လာရောက်လေ့လာမှုများပြားလျက်ရှိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ရှေးဘုရင်မင်းများ ထီးနန်းစိုးစံခဲ့သော အင်းဝဒေသရှိ ညောင်ရမ်းခေတ်ဘုရားများမှာ ကိုးဆူတန်းဘုရားစု၊ ကြောင်လိန်ဘုရား၊ မြင့်မိုရ်တောင်ဘုရားနှင့် စူဠာမဏိဘုရား၊ ဝက်ပါဘုရား၊ လောကဒုသမာန်အောင် ဘုရားတို့ဖြစ်သည်။ ကြောင်လိန်ဟု အရပ်အခေါ်ရှိသော စေတီတွင် ကမ္ပည်းကျောက်စာပျက်နေသဖြင့် သမာရ်အောင်ဟုသာ ဖတ်၍ရကြောင်း သိရသည်။ ကြောင်လိန်နှင့် ဝက်ပါဘုရားတို့ကို တနင်္ဂနွေမင်းက တည်ထားခဲ့ကြောင်း သိရသည်။

တနင်္ဂနွေမင်းတည်ခဲ့သော ဘုရားများတွင် 'မာရ်အောင်' အမည်တပ်သည်မှာ မှတ်သားဖွယ်ရာဖြစ်သည်။ တနင်္ဂနွေမင်းကောင်းမှု 'မာရ်အောင်' ဘွဲ့တပ်စေတီတို့မှာ ဇိနမာရ်အောင်၊ လောကစတုသမာရ်အောင်၊ တိသမာရ်အောင်၊ ငါးမာရ်အောင်နှင့်လောကမာရ်အောင်တို့ဖြစ်သည်။ ဆလင်ဒါပုံပေါ်တွင် စေတီတည်ထားသော မြင့်မိုရ်တောင်ဘုရားကို မဟာဓမ္မရာဇာဓိပတိမင်း၏ ခမည်းတော် တနင်္ဂနွေမင်း သချိုင်းနေရာ၌ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပေါင်းလောင်းရေလှောင်တမံမှ နွေစပါးစိုက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးရေပေးဝေသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လွှတ်၍ ထွက်ရှိသောရေကို ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် ရေလွှဲဆည် တည်ဆောက်၍ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များမှတစ်ဆင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပျဉ်းမနား၊ လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တို့ရှိ လယ်ယာမြေများအား ဆည်ရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်ရေသောက်စနစ် တည်ဆောက်ပြီးစီးသည့် အပိုင်းလိုက် နှစ်စဉ် နွေစပါး၊ မိုးစပါး (နှစ်သီး) ဆည်ရေပေးဝေလျက်ရှိရာ ယခုအခါ မိုးစပါးဆည်ရေပေးဝေအပြီးတွင် ပေါင်းလောင်းရေလှောင်တမံ၌ ကန်ရေပြည့်ပမာဏဧကပေ ၅၄၉၀၀ ခန့် သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ သိုလှောင်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧရိယာအတွင်း ဧက ၈၅၀၀ ခန့်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧက ၁၈၀၀ ခန့် စုစုပေါင်းဧက ၁၀၃၀၀ ကို စိုက်ပျိုးရန် လျာထားပြီး ထိုသို့စိုက်ပျိုးနိုင်ရေးအတွက် နိုဝင်ဘာ ၁၁ ရက်က လယ်ဝေးမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်၊ တည်ဆောက်ရေး(၅) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာနှင့် ပေါက်မြိုင်ကျေးရွာတို့တွင် ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်းမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပေါင်းလောင်းရေလှောင်တမံမှ ရေစတင်ပေးဝေမည်ဖြစ်ပြီး နွေစပါးလျာထားဧရိယာဧက ၁၀၃၀၀ အား ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တူးမြောင်းများရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေစတင်ပေးဝေမည့် နေ့ရက်ဖော်ပြချက် ဆိုင်းဘုတ်၊ တူးမြောင်းတာဝန်ကျဆည်ရေပေးဝေမည့် ဝန်ထမ်းအမည်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ဖော်ပြချက်ဆိုင်းဘုတ်၊ ဆည်ရေရောက်ရှိမည့်နေရာဖော်ပြထားသည့် ဆိုင်းဘုတ်၊ လိုက်နာရမည့် တူးမြောင်းများဥပဒေစသည့် ဆိုင်းဘုတ်များစိုက်ထူခြင်း၊တောင်သူများနှင့် တွေ့ဆုံရှင်းလင်းအသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စွန့်ပစ်ပစ္စည်းဖြင့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**မိုးညှင်း နိုဝင်ဘာ ၁၃**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း အင်းတော်ကြီးဒေသ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုရှိစေသည့် စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်သော လူသုံးကုန်ပစ္စည်းများ အကောင်အထည်ဖော်ထုတ်လုပ်သည့် လုပ်ငန်းအား အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် အပင်များအဖွဲ့ (Fauna & Flora International) မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း လက်ထောက်ကွင်းဆင်းတာဝန်ခံ မမိုင်းရာထံမှ သိရသည်။

"ကျွန်မတို့ (FFI) အနေနဲ့ ဒေသတွင်း ခရီးသွားလုပ်ငန်းမှာ လာရောက်လည်ပတ်တဲ့ ပြည်တွင်းပြည်ပက ဧည့်သည်တွေ စိတ်ဝင်စားမှု ရှိစေမယ့် စွန့်ပစ်ပစ္စည်းမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း သင်တန်းတွေကို အခမဲ့သင်ကြားပေးလျက်ရှိပါတယ်၊ လူငယ်တွေကို မော်တော်ကား၊ မော်တော်ဆိုင်ကယ်နဲ့ စက်ဘီးတွေက စွန့်ပစ် ကျွတ်စနဲ့ တာယာတွေကို အသုံးပြုပြီး ကွန်ပျူတာအိတ်၊ ပိုက်ဆံအိတ်၊ ပစ္စည်းထည့်ခွက်၊ ခြေသုတ်ခုံစတဲ့ အိမ်သုံးပစ္စည်းချုပ်လုပ်နည်းသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်" ဟု ပြောကြားသည်။

အင်းချစ်သူ သဘာဝအခြေခံနှင့် ခရီးသွားဝန်ဆောင်မှုအဖွဲ့မှ မစုလှဖြူက "ကျွန်မတို့ အဖွဲ့အနေနဲ့ စိတ်တူကိုယ်တူ လူငယ် ၅၀ ကျော်နဲ့ ဖွဲ့စည်းထားပြီး အင်းတော်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်၊ စွန့်ပစ်ပစ္စည်းတွေကို လူသုံးကုန်ပစ္စည်းအဖြစ် ပြုလုပ်တဲ့နေရာမှာ (FFI)ရဲ့ ပံ့ပိုးကူညီမှုတွေ ရရှိပါတယ်၊ စွန့်ပစ်ပစ္စည်းဆိုတဲ့နေရာမှာ ဆွေးမြည့်မှုမရှိတဲ့ ရော်ဘာပစ္စည်းဖြစ်တဲ့ ကျွတ်၊ တာယာစတာတွေနဲ့ စွန့်ပစ် ပလတ်စတစ်တွေပါဝင်ပြီး ကုန်ကြမ်းရှာရလည်း လွယ်ကူပါတယ်၊ အဓိကတော့ ပြည်ပခရီးသွား ဧည့်သည်တွေကို ဆွဲဆောင်မှု အများဆုံးရှိစေပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အင်းတော်ကြီးဒေသ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး ရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးကန်နှင့် ၎င်း၏ ရေဝေရေလဲဒေသများကို အဓိက ကာကွယ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ကာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံ အမွေအနှစ် ဥယျာဉ်တစ်ခုအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကမ္ဘာပေါ်ရှိ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်းဖြစ်သော အရှေ့အာရှ-ဩစတြေးလျ လမ်းကြောင်းရှိ အရေးကြီးသော ရေဝပ်ဒေသတစ်ခုအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကမ္ဘာ့ရမ်ဆာ ရေဝပ်ဒေသတစ်ခုအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်တွင် UNESCO Man and the Biosphere Reserve Programme - MaB အသိအမှတ်ပြု မြန်မာနိုင်ငံ၏ ဒုတိယမြောက် ဇီဝအဝန်းနယ်မြေတစ်ခု အဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ပြီးဖြစ်သည့် အရေးကြီးသော သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ကာ အဆိုပါ အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်တွင် အဆိုပါဒေသ၌ ကျင်းပခဲ့ပြီး ခရီးသွားလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာပါက ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

# ထန်တလန်မြို့နယ်တွင် လာဗားချောင်းကူး တလန်လိုကြိုးတံတား ဖွင့်ပွဲကျင်းပ

**ထန်တလန် နိုဝင်ဘာ ၁၃**
ချင်းပြည်နယ် ထန်တလန်မြို့နယ် တလန်ပီးကျေးရွာအုပ်စု တလန်လိုကျေးရွာတွင် ဂျပန် ပြည်သူပြည်သားများက ကူညီထောက်ပံ့သော ကြိုးတံတား စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် လာဗားချောင်းကူး တလန်လိုကြိုးတံတား ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။




အဆိုပါကြိုးတံတားကို UN-HABITAT ကုလသမဂ္ဂ၏ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်မှ တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသရှိ ဆင်းရဲနွမ်းပါး၍ ထိခိုက်လွယ်သော ရပ်ရွာလူထုများအား အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းအရ ဂျပန်ပြည်သူပြည်သားများ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာလူထုဦးဆောင်ကာ ယခုနှစ် စက်တင်ဘာ ၁ ရက်က စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်တွင် စီမံကိန်းကြိုးတံတား ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယင်းလာဗားချောင်းကူးကြိုးတံတားမှာ အရှည် ပေ ၁၈၀၊ အကျယ် ၆ ပေ၊ အမြင့် ၁၁ ပေရှိပြီး စီမံကိန်းထောက်ပံ့ငွေ ကျပ် ၂၁၂၂၂၀၀၀၊ ကျေးရွာလူထုလုပ်အား တန်ဖိုးငွေကျပ် ၁၆၄၈၀၀၀ ဖြင့် UN-HABITAT စီမံကိန်းမှ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်သိန်းနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်စီစဉ်ဆောင်ရွက်ကာ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က အဲဒီချောင်းကူး ကြိုးတံတား အဟောင်းဟာ ရေတိုက်စားသွားတာကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးရာသီအချိန်ကာလတွေမှာဆိုရင် တံတားမရှိလို့ ကျေးလက်ပြည်သူတွေ ကူးသန်းဖြတ်သွားဖို့ အရေးမှာ အခက်အခဲဒုက္ခတွေနဲ့ကြုံတွေ့ခဲ့ကြရပါတယ်၊ အခုတော့ တံတားအသစ်ပြန်ပြီးဆောက်လုပ်နိုင်ပြီဖြစ်လို့ ဖလမ်းနယ်စပ်နဲ့ တလန်လိုကျေးရွာအနီး ပတ်ဝန်းကျင်မှာရှိကြတဲ့ ဒေသခံပြည်သူတွေအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းတွေမှာ အလွန်ပဲ အကျိုးပြုသွားမှာဖြစ်ပါတယ်" ဟု တလန်လိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရာလ်လျန်ပေါ်နိန်းက ပြောသည်။

ယခုအခါ ဂျပန်ပြည်သူပြည်သားများ၏ ကူညီထောက်ပံ့ငွေ၊ UN-HABITAT စီမံကိန်းမှ နည်းပညာ ကူညီပံ့ပိုးမှု၊ ကျေးရွာလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆောက်လုပ် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊

အဆိုပါ လာဗားချောင်းကူးတံတားအပြင် အရှည် ၁၅ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၅ ပေရှိ သံကူကွန်ကရစ် မြောင်းကျော်တံတားတစ်စင်းကို စီမံကိန်းပံ့ပိုးငွေ ကျပ် ၂၇၀၅၀၀၀၊ ရပ်ရွာလူထုလုပ်အားပူးပေါင်းပါဝင်မှု ကျပ် ၄၈၀၀၀၀ ဖြင့်လည်းကောင်း၊ စီမံကိန်းပံ့ပိုးငွေကျပ် ၃၅၂၈၀၀၀၊ ရပ်ရွာလူထုလုပ်အား ပူးပေါင်းပါဝင်မှု ကျပ် ၂၈၈၀၀၀၀ ဖြင့် မိသားစုသုံး ယင်လုံအိမ်သာ ၃၆ လုံးတို့ကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများအား ကျေးရွာလူထုထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း UN-HABITAT ထန်တလန်မြို့နယ် တာဝန်ခံ အင်ဂျင်နီယာထံမှ သိရသည်။

**ထန်တလန် (ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်တွင် (၉၇) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပ

**ပြည်ကြီးတံခွန်မြို့နယ်**

(၉၇) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အ-ထ-က (၂၇) ကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ အ-ထ-က(၂၇) ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံမှ ပေးပို့သော (၉၇) နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

**ဥတ္တရသီရိမြို့နယ်**

နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တွင် အမျိုးသားနေ့အခမ်းအနားကို အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၉၇)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် (ထက်၊လယ်၊မူ) စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်ပြန်/ဆက်**

**သံတွဲ**

(၉၇)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်၈နာရီက သံတွဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒွါရာရွှေပြည်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် (၉၇) နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ဖတ်ကြားသည်။

ဆက်လက်၍ (၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဇော်ဟန်၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်စန်းရီ၊ သံတွဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



**ဖားဆောင်း**

(၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က နိုင်ငံတော်သမ္မတဦးထင်ကျော် ပေးပို့သည့် (၉၇) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား ဖတ်ကြားခဲ့ပြီး (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **နေလင်း(ညောင်လေးပင်)**

**အင်းစိန်မြို့နယ်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၁) ဧရာဝတီခန်းမ၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီတွင် (၉၇) နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကျင်းပရာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၉၇) နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **ညဏ်ဟိန်း**



**မောင်တော**

(၉၇) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မောင်တောမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတဦးထင်ကျော် ထံမှပေးပို့သော (၉၇) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မောင်တောမြို့၌ နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အထိမ်းအမှတ် အခမ်းအနားအနေဖြင့်လည်း စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပကြောင်း သိရသည်။ **ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် (၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့ အထက (၁) ကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၉၇)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကိုဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းက ဖတ်ကြားသည်။

ဆက်လက်၍ အထက်တန်းအဆင့် အမျိုးသားစိတ်ဓာတ်အင်အား၊ တိုင်းပြည်အနာဂတ် တိုးပွားခေါင်းစဉ်ဖြင့် ဆုရရှိသော ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးချစ်ဇော်ကလည်းကောင်း၊ အလယ်တန်းအဆင့် စိတ်ဓာတ်မြင့်မား တိုင်းပြည်တိုးပွားခေါင်းစဉ်ဖြင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန်ကလည်းကောင်း၊ မူလတန်းအဆင့် အမျိုးသားနေ့အလှ တိုင်းပြည်ဘဝခေါင်းစဉ်ဖြင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မယ်စဲ့**

(၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ကယားပြည်နယ် မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၉၇)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာ (ထက်၊ လယ်၊ မူ) မြို့နယ်အဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ပြန်/ဆက် ဦးစီးဌာန Community Centre ၌ ကျင်းပသော စာစီစာကုံးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**



နိုဝင်ဘာ ၁၃ ရက် (အမျိုးသားနေ့)ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဩဘာလမ်း(အထက်ပိုင်း) မိသားစုများ၏ အဌမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်နှင့် စတုဒိသာကျွေးမွေးပွဲကျင်းပရာ ရပ်ကွက်နေပြည်သူများ လာရောက် သုံးဆောင်လျက်ရှိသည်ကို တွေ့ရစဉ်။ **ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)**

**ညောင်တုန်း**

ညောင်တုန်းမြို့တွင် (၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသွင်ကိုကိုမင်းက နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော (၉၇)နှစ်မြောက်အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ (၉၇)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်အခြေခံပညာအဆင့်စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ (၉၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သော (၉၇) နှစ်မြောက်အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေက ဖတ်ကြားသည်။

(၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် မြို့နယ်အတွင်း ဆုရကျောင်းသား ကျောင်းသူများအား တက်ရောက်လာကြသူ မြို့နယ်အကြီးအကဲများက ဆုများအသီးသီး ချီးမြှင့်ပေးကြသည်။ **အောင်မြင့်(ပန်းတောင်း)**

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့်(၉၇)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟောက ဖတ်ကြားပြီး မြို့နယ်အဆင့် (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်အေးအေး၊ မြို့နယ်ရဲမှူးဇော်မင်းနှင့်မြို့နယ် လ-ဝ-က ဦးစီးမှူး ဦးစန်းနိုင်တို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **ကိုစိုးကြီး(ပြန်/ဆက်)**



**ပဲခူး**

(၉၇) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၆ နာရီက ပဲခူးမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း ယခင်အမျိုးသားတန်းမြင့်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများက ဦးဆောင်၍ (၉၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အနေဖြင့် ပဲခူးမြို့တွင်းသို့ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ အလှပြယာဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ စီတန်းလှည့်လည်ကြသည်။ **ဟိန်းထက်(ခရိုင်/ပြန်ဆက်)**

**သထုံ**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၌ (၉၇) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပရာ အထက-၂(သထုံ)မှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို သံပြိုင်သီဆိုပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော အမျိုးသားနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အခြေခံပညာကျောင်းများအလိုက် ကျင်းပခဲ့သည့် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများမှ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။ **သက်ဦး(သထုံ)**

# ဘေဂျင်းမြို့သို့ ခရီးတစ်ခေါက်

**နေဇာဇာထွန်း**

**၁၂-၁၁-၂၀၁၇ ရက်မှအဆက်**
**လိပ်ခန္ဓာကိုယ်နဲ့ နဂါးခေါင်း**

တွေ့ရှိခဲ့ရတဲ့ လိပ်ခန္ဓာကိုယ်နဲ့ နဂါးခေါင်းရုပ်တုသမိုင်းကြောင်းကို မေးမြန်းကြည့်မိရာ လိပ်ကို ကိုယ်စားပြုရုပ်တုအနေနဲ့ ထားရှိထားတယ်လို့လည်း သိရပါတယ်။ လိပ်ခန္ဓာကိုယ်နဲ့ နဂါးခေါင်းရုပ်တုဖြစ်ပြီး ရှေးခေတ်သူတို့ရဲ့ဒဏ္ဍာရီထဲမှာ နဂါးဟာ အကောင်ရေ နည်းမှုကြောင့် မျိုးဆက်ပြန့်ပွားမှုနည်းသွားပြီး ရေသတ္တဝါနဲ့ မိတ်လိုက်ရာမှ သားကိုးယောက် မွေးခဲ့ပါတယ်။ လိပ်နဲ့ မွေးတဲ့သားဟာ အငယ်ဆုံးဖြစ်တယ်ဆိုတာရယ် စတဲ့ လိပ်ခန္ဓာကိုယ်နဲ့ နဂါးခေါင်းဆက်စပ်နေပုံကို သိရှိစေခဲ့ပါတယ်။ ဘုရင့်ဆီမှာ ထားရမယ်ဆိုရင် နဂါးပါရမယ်ဆိုတဲ့ အယူအရ သက်ရှိထင်ရှားရှိတဲ့လိပ်ကို ထားရှိစေခဲ့ပါတယ်။ ကျောက်စာတွေကို လိပ်ရဲ့ကျောပေါ်မှာ တင်ထားစေတာကတော့ ကြာရှည်ခံအောင်၊ အသက်ရှည်အောင်၊ စောင့်ရှောက်မှုတွေရရှိအောင် ထားရှိစေခဲ့တယ်လို့လည်း သိခဲ့ရပါတယ်။ နန်းတော်ကြီးတစ်ခုလုံးကို ၁၅ နှစ်ကြာ ဆောက်လုပ်ခဲ့ရတယ်လို့လည်း သိရပါတယ်။

**ဘေဂျင်းတက္ကသိုလ် မြန်မာစာဌာန**

ဘေဂျင်းတက္ကသိုလ် မြန်မာစာဌာနသို့ လေ့လာရေးအနေနဲ့ ရောက်ရှိခဲ့ပါတယ်။ ဘေဂျင်းတက္ကသိုလ်မြန်မာစာဌာနမှ ဌာနမှူး ဆရာမ Yang Guoying(မြန်မာအမည် ယဉ်ယဉ်နွဲ့)က " မြန်မာ့သမိုင်း၊ မြန်မာ့ရှေးဟောင်းသမိုင်းအထောက်အထားတွေ၊ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး၊ မြန်မာ-တရုတ်စကားပုံအဘိဓာန်၊ မြန်မာဂန္ထဝင်စာပေများ လက်ရွေးစင်၊ မြန်မာကျောက်စာလက်ရွေးစင်၊ မြန်မာကဗျာများစာအုပ်၊ သမိုင်းနဲ့ယဉ်ကျေးမှုစာအုပ်၊ ဘာသာဗေဒစာအုပ်၊ မြန်မာစာနဲ့ပတ်သက်တဲ့စာအုပ်၊ ဖတ်စာများနဲ့ အဘိဓာန် စတာတွေကို လက်ရှိမှာပြုလုပ်နေဆဲနဲ့ ပြုလုပ်ရန်အခြေအနေတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

သုတေသနလုပ်ငန်းတွေအနေနဲ့က ဘာသာစကား၊ စာပေနဲ့ ယဉ်ကျေးမှုသမိုင်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ မြန်မာစာဌာနက သင်ကြားပို့ချတဲ့ အတန်းအလိုက်နဲ့ သင်ခန်းစာတွေအနေနဲ့က မြန်မာဖတ်စာ၊ မြန်မာသဒ္ဒါ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစကား မြင်-ကြား-ပြော၊ မြန်မာသတင်းစာဖတ်ခြင်း၊ မြန်မာ-တရုတ်ဘာသာပြန်၊ တရုတ်-မြန်မာဘာသာပြန်၊ မြန်မာအကြောင်း သိကောင်းစရာနဲ့ မြန်မာစာစီစာကုံး သင်ခန်းစာတွေဖြစ်ပြီး အတန်းအလိုက် သင်ကြားစေတယ်လို့ သိရပါတယ်။

မြန်မာစာဌာနဟာ တရုတ်ပြည်မှာ အစောဆုံးတည်ထောင်ခဲ့တဲ့ ဌာနဖြစ်ပြီး တရုတ်ပြည်သစ် မတည်ထောင်ခင်က တရုတ်နဲ့ မြန်မာ ပူးတွဲပြီး ဖက်ဆစ်ဂျပန်ကျူးကျော်မှုကို ခုခံရာမှာ မြန်မာစကား၊ မြန်မာ့ရိုးရာဓလေ့အကြောင်း တတ်ကျွမ်းသူတွေ လိုအပ်တဲ့အတွက် တည်ထောင်ခဲ့တယ်လို့ သိရပါတယ်။ အခုအချိန်အထိ BA(ဝိဇ္ဇာဘွဲ့) ၂၄၀ ကျော်၊ MA(မဟာဝိဇ္ဇာဘွဲ့) ၂၂ဦး၊ Ph.D သုံးဦး အောင်မြင်ခဲ့ကြောင်း သိရပါတယ်။

**ဖွံ့ဖြိုးမှုနဲ့ ခရီးသွားကဏ္ဍ**

ရထားထိန်းချုပ်ရေးစင်တာကို သွားရောက်လေ့လာခဲ့ရာ ကြီးမားတဲ့အဆောက်အအုံကြီးကို တွေ့ရှိရပြီး လမ်းကြောင်း ၃၂ ကြောင်း ထိန်းချုပ်ရေးစခန်း ခန်းမကို ထည့်သွင်းတည်ဆောက်ထားတာကို တွေ့ရပါတယ်။ လမ်းကြောင်း တစ်ကြောင်းကို ထိန်းချုပ်တဲ့ အင်တာနက်ဌာနကိုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။ ဘေဂျင်း မြေအောက်ရထားအတွက် အခန်းငါးခန်းဖွဲ့စည်းတည် ဆောက်ထားပြီး ၁၉၅၀ ပြည့်နှစ် ကတည်းက မြေအောက်ရထားဆောက်ဖို့ စီစဉ်ခဲ့ပါတယ်။

နှစ်ပေါင်း ၅၀ မှာ ပြုပြင်မှုတွေလုပ်ထားပေမယ့်လည်း ၁၉၆၅ ခုနှစ်မှာ မြေအောက်ရထားကို စတင်ပြုလုပ်ခဲ့ပြီး ၂၄ ကီလိုမီတာရှိကာ ဂိတ်ပေါင်း ၁၇ ခုနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှာ ဘေဂျင်းမြေအောက်ရထားဆောက်ဖို့ ပန္နက်ချခဲ့ပါတယ်။ ပထမပတ် မြေအောက်ရထားခရီးစဉ်ဟာ ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ရက်မှာ စတင်ပြေးဆွဲစေခဲ့ပြီး နှစ်(၂၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်စေခဲ့ကြောင်းလည်း သိရပါတယ်။ မြေအောက်ရထား စတင်ပြေးဆွဲလိုက်ခြင်းဟာ တရုတ်ပြည်သူတွေအတွက် ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရုံမျှမက တရုတ်နိုင်ငံရဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးမှုကို ကမ္ဘာ့စာမျက်နှာပေါ်သို့ ဖွင့်ဟပြစေခဲ့ပါတယ်။

**ခရီးသည်ပိုမိုများပြားလာနိုင်**

ပထမဆုံးမြေအောက်ရထားဟာ တရုတ်နိုင်ငံရဲ့ နည်းပညာနဲ့ အင်ဂျင်နီယာတွေနဲ့ ဆောက်လုပ်ခဲ့လို့ သူတို့နိုင်ငံရဲ့ စက်မှုပညာတိုးတက်မှုကို ပြသရာ ရောက်ခဲ့ပါတယ်။ ၂၀ ရာစုမှာ တရုတ်ရဲ့မြေအောက်ရထားလုပ်ငန်းဟာ အလျင်အမြန်တိုးတက်မှုမရှိခဲ့ဘဲ ၁၉၆၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၅၄ ကီလိုမီတာနဲ့ လိုင်းနှစ်လိုင်းသာ ပေါက်ခဲ့ပြီး စီးပွားရေးတိုးတက်လာမှုနဲ့အတူ ၂၀၀၁ ခုနှစ်မှစပြီး ဘေဂျင်းရထားလမ်း ဖောက်လုပ်မှုဟာ အောင်မြင်ခဲ့ပါတယ်။ ရထားစီးခရီးသည်ဟာ ၂၀၀၀ ပြည့်နှစ်အထိ တစ်နှစ်တစ်နှစ်ကို အများဆုံး ၁၀ သိန်း လောက်သာရှိပြီး ၂၀၁၆ ခုနှစ်အထိ ၃၆ ဘီလီယံအထိရှိကာ ၂၀၁၇ ခုနှစ်တွင် ခရီးသည်ပိုမိုများပြားလာနိုင်ကြောင်းလည်း သိရပါတယ်။

၂၀၁၇ ခုနှစ်ကုန်ရင် လမ်းကြောင်း ၂၂ ကြောင်း ဖောက်လုပ်ပြီးစီးမယ်လို့သိရပြီး စုစုပေါင်း ကီလိုမီတာ ၆၀၀ ကျော်ရှိပြီး ယခင်နှစ်များကထက် ခရီးသည်ဦးရေ တိုးတက်လာမယ်လို့လည်း သိရပါတယ်။ မြေအောက်မှာ တစ်နေ့တစ်နေ့ လူပေါင်း သိန်း ၁၀၀ လောက် သွားလာနေတယ်လို့လည်း ဆိုကြပါတယ်။ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ မြေအောက်ရထားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံထားတဲ့ငွေပမာဏဟာ စုစုပေါင်း ၅၉၇၁ ဘီလီယံရှိပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ငွေပမာဏဟာ များပြားတဲ့အတွက် မြေအောက်ရထားကို အစိုးရနဲ့ ပြင်ပပုဂ္ဂလိကကုမ္ပဏီတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

မြေအောက်ရထားလိုင်း ၁၉ လိုင်းပြီးစီးကာ ၅၇၄ ကီလိုမီတာရှိတယ်လို့ သိရပါတယ်။ ဂိတ်ပေါင်း ၃၄၅ ခုရှိကာ တစ်လိုင်းနဲ့တစ်လိုင်း ချိန်းတဲ့ဂိတ်က ၅၄ ဂိတ်ရှိပါတယ်။ ဒီနှစ်အတွင်း လိုင်းသုံးလိုင်း ထပ်မံဖွင့်ပေးမှာဖြစ်လို့ စုစုပေါင်း ၂၂ လိုင်း ပြီးစီးမှာဖြစ်သလို ကီလိုမီတာ ၆၀၀ ကျော်မယ်လို့လည်း သိရပါတယ်။ နည်းပညာတိုးတက်မှုနဲ့အတူ လူမပါဘဲ အော်တိုမောင်းမယ့်လိုင်း တစ်လိုင်းလည်း ပါဝင်မှာဖြစ်ပါတယ်။ လူကျပ်ချိန်မှာ တစ်စီးနဲ့ တစ်စီးဟာ သုံးမိနစ်သာကွာပြီး အချိန်အတိုဆုံးဆိုရင် တစ်မိနစ်နဲ့ ၄၄ စက္ကန့်ပဲ ကွာတယ်လို့ သိရပါတယ်။ လိုင်းအားလုံးပြီးသွားရင် ကီလိုမီတာ ၁၀၀၀ ရှိမှာဖြစ်ပြီး ၂၀၂၀ ခုနှစ်မှာ လမ်းကြောင်းတွေ အကုန်လုံးပြီးစီးမယ်လို့လည်း သိရပါတယ်။

**မြန်နှုန်းမြင့်ရထား**

တရုတ်နိုင်ငံရဲ့ မြန်နှုန်းမြင့်ရထားလမ်း(HSR)ဟာ ခရီးသည်တွေ စိတ်တိုင်းကျ အဆင်ပြေချောမွေ့စေရေးကို အလေးပေးကာ ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး တစ်နာရီကို ကီလိုမီတာ ၂၅၀ ကနေ ၃၅၀ အထိ ပြေးဆွဲနေတယ်လို့ သိရပါတယ်။ ဝင်ငွေအဆင့် အမျိုးမျိုးရှိတဲ့ ခရီးသွားတွေကို လေ့လာဆန်းစစ်ကြည့်တဲ့အခါ လုံခြုံစိတ်ချရမှု၊ အချိန်မြန်ဆန်၊ မှန်ကန်မှုနဲ့ သက်သောင့်သက်သာရှိမှု စတဲ့ ဝန်ဆောင်မှုကောင်းတွေကြောင့် မြန်နှုန်းမြင့်ရထားလမ်းကို ရွေးချယ်ခဲ့တာဖြစ်တယ်လို့ ကမ္ဘာ့ဘဏ်ရဲ့လေ့လာတွေ့ရှိချက်မှာ ဖော်ပြထားပါတယ်။



ရထားထိန်းချုပ်ရေးစင်တာမှ လိုက်လံပြသခဲ့သည့် မောင်းသူမဲ့ရထားအား တွေ့ရစဉ်။

> "တရုတ်နိုင်ငံရဲ့ မြန်နှုန်းမြင့်ရထားလမ်း (HSR)ဟာ ခရီးသည်တွေ စိတ်တိုင်းကျ အဆင်ပြေချောမွေ့စေရေးကို အလေးပေးကာ ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး တစ်နာရီကို ကီလိုမီတာ၂၅၀ ကနေ ၃၅၀ အထိ ပြေးဆွဲ . . .
> မြန်နှုန်းမြင့် ရထားလမ်းတွေ တည်ဆောက်ပြီး ပြေးဆွဲပေးမှုကြောင့် ခရီးသွားလာချိန်ကို ထိရောက်စွာလျှော့ချနိုင်ပြီး တရုတ်နိုင်ငံရဲ့ လူမှုစီးပွားဘဝတွေကို များစွာပြောင်းလဲလာ . . ."

မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ ၂၀၁၆ ခုနှစ်မှာ ပြည်နယ်အဆင့်ရှိတဲ့ ဒေသ ၃၃ ခုမှာ ၂၉ ခုအထိ တိုးချဲ့တည်ဆောက်စေခဲ့ပြီး ၂၀၁၆ ခုနှစ် တစ်နှစ်တည်းမှာပဲ အသွားအပြန် ခရီးအကြိမ်ပေါင်း ၁ ဒသမ ၄၄ ဘီလီယံအထိ ရှိခဲ့တယ်လို့ သိရပါတယ်။ မြန်နှုန်းမြင့်ရထားလမ်းဝန်ဆောင်မှုလုပ်ငန်းတွေကို တရုတ်နိုင်ငံ ရထားလမ်းကော်ပိုရေးရှင်းကပဲ ပိုင်ဆိုင်ပြီး လည်ပတ်လုပ်ကိုင်လျက်ရှိပါတယ်။

ပထမဆုံး တရုတ်နိုင်ငံရဲ့ အမြန်လမ်းစနစ်ကို စတင်မိတ်ဆက်တာကတော့ ၂၀၀၇ ခုနှစ် ဧပြီလမှာဖြစ်ပြီး တစ်နာရီကို ကီလိုမီတာ ၂၅၀ အထိ ပြေးဆွဲစေခဲ့ပါတယ်။ မြန်နှုန်းမြင့် ရထားလမ်းကွန်ရက်တွေကို ၂၀၂၅ ခုနှစ်မှာ ရေတိုစီမံကိန်းအဖြစ် ကီလိုမီတာ ၂၄၀၀၀ မှ ၃၈၀၀၀ အထိရောက်ရှိမယ်လို့ ခန့်မှန်းထားပြီး ရေရှည်စီမံကိန်းအနေနဲ့ ကီလိုမီတာ ၄၅၀၀၀ အထိ မြှင့်တင်ဖို့လျာထားကြောင်း သိရပါတယ်။

**နိုင်ငံအတွင်း တည်ဆောက်**

တရုတ်နိုင်ငံရဲ့ အစောပိုင်းကာလမှာ မြန်နှုန်းမြင့်ရထားလမ်းနည်းပညာ လဲလှယ်မှုအစီအစဉ်အရ ရထားတည်ဆောက်တဲ့ စက်ရုံအပါအဝင် နိုင်ငံခြားတိုင်းပြည်မှ ရထားတည်ဆောက်တဲ့သူတွေနဲ့ စာချုပ်ချုပ်ဆိုပြီး နိုင်ငံခြားသား ပညာရှင်တွေဆီက နည်းပညာအထောက်အပံ့တွေယူပြီး အမြန်ရထားကို တရုတ်နိုင်ငံအတွင်းမှာပဲ တည်ဆောက်စေခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဩဂုတ်လမှာ စတင်ပြေးဆွဲခဲ့တဲ့ဘေဂျင်း-ထန်ကျင်း မြန်နှုန်းမြင့်ရထားလမ်းဟာ တရုတ်နိုင်ငံရဲ့ ပထမဆုံးမြန်နှုန်းမြင့် ရထားလမ်းဖြစ်ပြီး တစ်နာရီကို ကီလိုမီတာ ၃၅၀ နဲ့ ပြေးဆွဲခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇွန်လမှာ ၁၃၁၈ ကီလိုမီတာရှိတဲ့ ဘေဂျင်း-ရှန်ဟိုင်း မြန်နှုန်းမြင့်ရထားလမ်းကို တည်ဆောက်ခဲ့ပြီး ယင်းရထားလမ်းကို မပြေးဆွဲခင် စမ်းသပ်ပြေးဆွဲမှုပြုလုပ်စေခဲ့ပြီး စမ်းသပ်ပြေးဆွဲမှုအရ တစ်နာရီကို ၄၈၆ ဒသမ ၁ ကီလိုမီတာနဲ့ စံချိန်တင်ပြေးဆွဲနိုင်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ Harbin-Dalian မြန်နှုန်းမြင့်ရထားလမ်းကို တည်ဆောက်ခဲ့ပြီး အဆိုပါရထားလမ်းဟာ ကမ္ဘာပေါ်မှာ ပထမဆုံးအဖြစ် အလွန်အေးခဲတဲ့ဒေသမှာ တည်ဆောက်နိုင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ တည်ဆောက်ခဲ့တဲ့ ဘေဂျင်း- Guangzhou မြန်နှုန်းမြင့်ရထားလမ်းဟာ ကမ္ဘာပေါ်မှာ အရှည်ဆုံးမြန်နှုန်းမြင့်ရထားလမ်းဖြစ်ပြီး ၂၂၉၈ ကီလိုမီတာရှည်တယ်လို့ သိရပါတယ်။ သမပိုင်းဇုန်နဲ့ အပူချိန်မြင့်မားတဲ့ဒေသ(ရာသီမတူတဲ့ဒေသ)နှစ်ခုကို ပြေဆွဲတဲ့ရထားလမ်းလည်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ၁၇၇၇ ကီလိုမီတာရှည်တဲ့ Lanzhou- Urumqi မြန်နှုန်းမြင့်ရထားလမ်းကို တည်ဆောက်ခဲ့ပြီး သဲကန္တာရနဲ့ လေထန်တဲ့ဒေသကို ချိတ်ဆက်ပေးတဲ့ ရထားလမ်းလည်း ဖြစ်ပါတယ်။

**လူမှုစီးပွားဘဝ ပြောင်းလဲ**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ တည်ဆောက်ခဲ့တဲ့ ဟိုင်နန်ကျွန်းမှာရှိတဲ့ မြန်နှုန်းမြင့်ရထားလမ်းဟာ ၆၅၃ ကီလိုမီတာရှိပြီး တောင်ဘက် အစွန်ဆုံးဒေသကို ချိတ်ဆက်ပေးတဲ့ ကမ္ဘာ့ပထမဆုံး မြန်နှုန်းမြင့်ရထားလမ်းဖြစ်တယ်လို့ သိရပါတယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ တည်ဆောက်ခဲ့တဲ့ ချန်ဟိုင်း-ကူမင်းမြန်နှုန်းမြင့်ရထားလမ်းဟာ ၂၂၅၂ ကီလိုမီတာရှည်ပြီး တရုတ်နိုင်ငံရဲ့ အရှေ့-အနောက် ဥမင်တွေကိုဖြတ်ပြီး ချိတ်ဆက်ပေးတဲ့ ရထားလမ်းဖြစ်ပါတယ်။

၂၀၁၆ နှစ်ကုန်ပိုင်းမှာ တရုတ်နိုင်ငံရဲ့ အမြန်ရထားလမ်းဟာ ကီလိုမီတာ ၂၂၀၀၀ ကျော်လွန်သွားပြီး ရထားစီးနင်းတဲ့ခရီးသည်တွေကလည်း အဆမတန် များပြားလာတယ်လို့လည်း သိရပါတယ်။အခုလို မြန်နှုန်းမြင့်ရထားလမ်းတွေ တည်ဆောက်ပြီး ပြေးဆွဲပေးမှုကြောင့် ခရီးသွားလာချိန်ကို ထိရောက်စွာလျှော့ချနိုင်ပြီး တရုတ်နိုင်ငံရဲ့ လူမှုစီးပွားဘဝတွေကို များစွာပြောင်းလဲလာကာ ဖွံ့ဖြိုးတိုးတက်စေခဲ့ပါတယ်။ ။



# ဆုနေရာအများဆုံးလျာထားခံခဲ့ရပေမယ့် တစ်ဆုမျှမရခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “MTV Europe Music Awards” ဆုပေးပွဲကြီးရဲ့ ဆုလျာထားစာရင်းမှာ ဆုပေါင်း ခြောက်ဆုအတွက် လျာထားခံခဲ့ရတာဖြစ်ပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၂ ရက် ညပိုင်းမှာ ကျင်းပခဲ့တဲ့ ဆုပေးပွဲညမှာတော့ ထူးချွန်ဆုတစ်ဆုကိုမျှ သိမ်းပိုက်နိုင်ခြင်းမရှိတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အင်္ဂလန်မှာကျင်းပခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲကြီးမှာ တေလာဆွစ်ဟာ နိုဝင်ဘာ ၁၀ ရက်က တရားဝင်စတင်ထုတ်လွှင့်ပေးခဲ့တဲ့ သူ့ရဲ့ခြောက်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ် “Reputation”အတွက် ဆုလျာထားစာရင်းမှာ ဆုနေရာ ခြောက်ခုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရတာဖြစ်ပြီး ယခုနှစ်အတွက် ဆုအများဆုံးလျာထားခံခဲ့ရတဲ့ တေးသံရှင်လည်းဖြစ်လာခဲ့တယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ဒီလို ဆုအများဆုံးနဲ့ လျာထားစာရင်းမှာ ပါဝင်နေခဲ့ပေမယ့် ဆုပေးပွဲညမှာတော့ ဆုတစ်ဆုမျှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိတာလည်းဖြစ်ပါတယ်။

ယခုနှစ်ရဲ့ “MTV Europe Music Awards” ဆုပေးပွဲကြီးမှာ ဆုအများဆုံးရရှိခဲ့တဲ့ တေးသံရှင်ကတော့ ကနေဒါနိုင်ငံသား ပေါ့ပ်ကြယ်ပွင့် ဆွမ်မန်းဒပ်စ်ဖြစ်ပြီး ဆုပေါင်း သုံးဆု ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ ဆွမ်ဟာ ဆုလျာထားစာရင်းပေါ်ထွက်လာချိန်မှာတော့ ဆုငါးဆုအတွက် လျာထားခံခဲ့ရတာဖြစ်ပြီး တေလာဆွစ်နောက်မှာ ဆုဒုတိယအများဆုံးလျာထားခံရတဲ့ တေးသံရှင်အဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဆုပေးပွဲညမှာတော့ အကောင်းဆုံးတေးသီချင်းဆု၊ အကောင်းဆုံးတေးသံရှင်ဆုနဲ့ ပရိသတ်အများဆုံးဆုတို့ကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

လန်ဒန်မှာကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာ ထူးချွန်ဆုရရှိခဲ့ကြတဲ့ တေးသံရှင်တွေထဲမှာ အီမီနမ်၊ ကမ်မီလာကပ်ဘဲလို၊ လူးဝစ်တွမ်လစ်ဆန်၊ ဇေမာလိခ်၊ ကန်းဒရစ်လမ်မာ၊ ဒက်ဒ်ရှီရန်စတဲ့ တေးသံရှင်တွေနဲ့ တေးဂီတအဖွဲ့တွေထဲမှာတော့ “U2”၊ “Fifth Harmony”စတဲ့ တေးဂီတအဖွဲ့တွေ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။




**နိုဝင်ဘာ ၁၂ ရက် ညပိုင်းက လန်ဒန်မှာ ကျင်းပခဲ့တဲ့ “MTV Europe Music Awards” တေးဂီတထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံးပေါ့ပ်တေးဂီတဆုကိုဆွတ်ခူးခဲ့သည့် ပေါ့ပ်ကြယ်ပွင့် ကမ်မီလာကပ်ဘဲလိုကို ထူးချွန်ဆုနှင့်အတူ တွေ့ရစဉ်။**

# “DNA”နဲ့ ကြည့်ရှုသူသန်း ၁၅၀ အမြန်ဆုံးပိုင်ဆိုင်နိုင်ခဲ့တဲ့ကေပေါ့ပ်တေးသံရှင်ဖြစ်လာတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့တေးသီချင်း “DNA”ရဲ့တေးဗီဒီယိုဟာ တောင်ကိုရီးယားဂီတလောကသမိုင်းမှာ အချိန်အနည်းဆုံးနဲ့ ကြည့်ရှုသူပရိသတ် သန်း ၁၅၀ ပြည့်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်အဖြစ် စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလို တေးသီချင်းသစ်ရဲ့ အောင်မြင်မှုကြောင့် BTS ဟာ ကေပေါ့ပ်တေးသံရှင်တွေနဲ့ တေးဂီတအဖွဲ့တွေအကြား ကြည့်ရှုသူပရိသတ် သန်း ၁၅၀ ကို အမြန်ဆုံးပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့အဖြစ် စံချိန်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၂ ရက်မှာတော့ BTS ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့တေးဗီဒီယို “DNA”ဟာ YouTube ပေါ်ကနေတစ်ဆင့် ကူးယူကြည့်ရှုခံခဲ့ရတဲ့ အကြိမ်ပေါင်း သန်း ၁၅၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ BTS ရဲ့ အဆိုပါတေးသီချင်းသစ်ဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ ရက်ပေါင်း ၅၄ ရက်အတွင်း ပရိသတ် သန်း ၁၅၀ ပြည့်ခဲ့တာကြောင့် BTS အတွက် စံချိန်သစ်တင်နိုင်ကာ အနုပညာမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ BTS မတိုင်မီက ကြည့်ရှုသူသန်း ၁၅၀ အမြန်ဆုံးပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးသံရှင်ကတော့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BLACKPINK” ဖြစ်ပြီး ယင်းတေးဂီတအဖွဲ့တော့ “As If It’s Your Last”တေးသီချင်းရဲ့ တေးဗီဒီယိုနဲ့ ထုတ်လွှင့်ပြီးနောက် ၉၈ ရက်အကြာမှာ စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။



“DNA”ကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁၈ ရက်မှာ တရားဝင်စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် သန်း ၁၀၀ အမြန်ဆုံးရရှိခဲ့တဲ့ တေးဗီဒီယိုအဖြစ်လည်း ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ထုတ်လွှင့်ခဲ့ပြီးတဲ့နောက် ပရိသတ်သန်း ၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀ စတဲ့ မှတ်တိုင်အသီးသီးမှာလည်း အမြန်ဆုံး ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့အဖြစ် မှတ်တမ်းတင်ထားပါတယ်။ ယင်းတေးဗီဒီယိုနဲ့ လက်ရှိအချိန်အထိ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့အဖြစ်လည်း စံချိန်တင်ထားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၂ ရက်အထိ BTS ရဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေအားလုံးအနက် ကြည့်ရှုသူပရိသတ် သန်း ၁၅၀ ကျော် ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ တေးသီချင်းစုစုပေါင်း ခုနစ်ပုဒ်ရှိပြီး ယင်းတေးသီချင်းတွေကတော့ “Dope”၊ “Fire”၊ “Blood Sweat & Tears”၊ “Boy in Luv”၊ “Save Me”၊ “Not Today”နဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ “DNA”တို့ပဲ ဖြစ်ကြပါတယ်။

BTS ဟာ လက်ရှိမှာ ဒေသတွင်းအောင်မြင်မှုတွေရရှိထားရုံသာမက အာရှဒေသတွေနဲ့ ဥရောပအထိပါ အောင်မြင်မှုချဲ့ထွင်နိုင်တဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။ ယင်းတေးဂီတအဖွဲ့ဟာ နိုင်ငံတကာတေးဂီတဆုပေးပွဲတွေမှာ ထူးချွန်ဆုတွေရရှိသည်အထိ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

**အေးပြည့်**
**ရေးသားသည်**

# ရိုနယ်လ်ဒိုရဲ့ စတုတ္ထမြောက်ရင်သွေး အလန်နာမာတီနာ



ဘောလုံးကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ခရစ်စတီယာနိုရိုနယ်လ်ဒိုဟာ လတ်တလောမှာ သူ့ရဲ့စတုတ္ထမြောက် ရင်သွေးလေးကို မျက်နှာမြင်ခဲ့ရပြီဖြစ်ပါတယ်။ ရိုနယ်လ်ဒိုနဲ့ သူ့ရဲ့လက်ရှိချစ်သူ ဂျော်ဂျီနာရိုဒရီးဂွက်စ်တို့ရဲ့ ရင်သွေးလေးကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၂ ရက်မှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ တနင်္ဂနွေသမီးလေးဖြစ်တဲ့ သူ့ကိုတော့ ရိုနယ်လ်ဒိုနဲ့ ဂျော်ဂျီနာတို့က အလန်နာမာတီနာလို့ အမည်ပေးထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရိုနယ်လ်ဒိုဟာ ယခုလို သမီးလေးတစ်ဦး ထပ်မံရရှိခဲ့ပြီးနောက် ကလေးလေးယောက်တို့ရဲ့ ဖခင်ဖြစ်လာပြီး သားနှစ်ယောက်၊ သမီးနှစ်ယောက်ဖြစ်ပါတယ်။ အလန်နာမာတီနာကို မွေးဖွားခဲ့ပြီဖြစ်ကြောင်းကိုတော့ ရိုနယ်လ်ဒိုက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပြီး ဓာတ်ပုံတစ်ပုံကိုပါ တွဲဖက်ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာ ရိုနယ်လ်ဒို၊ ဂျော်ဂျီနာနဲ့ အလန်နာမာတီနာတို့အပြင် ရိုနယ်လ်ဒိုရဲ့ သားကြီးပါ ပါဝင်နေတာတွေ့ရပြီး မွေးကင်းစသမီးလေးကို ဂျော်ဂျီနာက ချီထားတာဖြစ်တဲ့အတွက် သမီးလေးရဲ့ မျက်နှာကိုတော့ မမြင်ရပါဘူး။ ဒါပေမယ့် ဓာတ်ပုံရဲ့အောက်ခြေမှာ ရေးသားဖော်ပြခဲ့တဲ့စာအရ မိခင်ရော ကလေးပါ ကျန်းမာကြောင်းလည်း သိရပါတယ်။

ရိုနယ်လ်ဒိုရဲ့ သားကြီးဖြစ်တဲ့ ခရစ်စတီယာနိုရိုနယ်လ်ဒိုဂျူနီယာဟာ လက်ရှိမှာ အသက် (၇)နှစ်အရွယ်ရှိပြီဖြစ်ကာ အမွှာရင်သွေးလေးတွေဖြစ်ကြတဲ့ အီဗာမာရီနာနဲ့ မက်တီအိုတို့ကတော့ သုံးလအရွယ်ရှိပြီဖြစ်ပြီး သားလေးတစ်ဦး၊ သမီးလေးတစ်ဦးဖြစ်ပါတယ်။ လတ်တလော မွေးဖွားခဲ့တဲ့ အလန်နာမာတီနာကတော့ သမီးလေးဖြစ်တာကြောင့် ဘောလုံးကြယ်ပွင့်ဟာ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရဲ့ ဖခင်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

အလန်နာမာတီနာဟာ ရိုနယ်လ်ဒိုနဲ့ ဂျော်ဂျီနာရိုဒရီးဂွက်စ်တို့ရဲ့ ပထမဆုံးရင်သွေးလေးဖြစ်ပြီး ရိုနယ်လ်ဒိုနဲ့ အသက်(၂၂)နှစ်အရွယ် သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျော်ဂျီနာတို့ဟာ ချစ်သူတွေအဖြစ် တစ်နှစ်ကျော်ကြာ လက်တွဲခဲ့ပြီးနောက် ယခုလို ပထမဆုံးသောရင်သွေးလေး ရရှိခဲ့ကြတာလည်း ဖြစ်ပါတယ်။

# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

မြန်မာ့ဘဏ်သမိုင်းတွင် **“ဘဏ်ခွဲ(၅၀၀)ပြည့်”** ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့သော **“ကမ္ဘောဇဘဏ်လီမိတက်”** အနေဖြင့်

- နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊
- နိုင်ငံအတွင်းအောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊
- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင်အဓိကအခန်းကဏ္ဍမှ အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းများနှင့်အတူ

# “ဘဏ်ခွဲ(၅၀၀)ပြည့်” ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏တစ်ခဲနက်ထောက်ခံ အားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် **“ကမ္ဘောဇဘဏ်လီမိတက်”** မှ

## “ဘဏ်ခွဲ(၅၀၀)ပြည့်” ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး အစဉ်အမြဲ အားကိုး အားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည် နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘဏ်များအသင်း

### ကန့်ကွက်နိုင်ပါသည်

ကျွန်တော်ဦးငွေသိန်း[၁၂/ဥကမ(နိုင်)၁၀၁၆၈၂]ကိုင်ဆောင်သူ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၃-ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ အမှတ်(၇၄၆)၊ ပေ(၂၀×၆၀) အကျယ်မြေနှင့်အိမ်အားဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအဖြစ် ဒေါ်သန်းသန်းဌေး [၁၂/မဂတ(နိုင်)၀၀၇၆၄၂]အားပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားတို့နှင့် မိမိထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိခဲ့သော် အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေသိန်း[၁၂/ဥကမ(နိုင်)၁၀၁၆၈၂]**
**ဖုန်း-၀၉ ၂၅၄၄၁၀၃၃၁**

### မဖြူဝင်းစိုး(ခ)ရစ္စူရဲဘီနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့်(S/DGNMTT-၀၄၁၆၃၀)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေအပေါ် အခြေအမြစ်မရှိဘဲ ညစ်ညမ်းစွာဆဲဆိုပြီး မမှန်ကန်သည့်ဓာတ်ပုံများဖြင့် Facebook ပေါ်တင်ကာ အရှက်ခွဲ နှောင့်ယှက်နေသည်ကို ဖြုတ်ချပေးပြီး နောက်နောင်မပြုလုပ်ရန် တားမြစ်လိုက်သည်။ ထပ်မံ ပြုလုပ်ပါကဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးအေးမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးတင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၄၄)**
**ဖုန်း-၀၉-၄၂၀၂၂၃၂၅၄**

**777 Electronic**
အဝတ်လျှော်စက်၊ ရေခဲသေတ္တာ ရေပူစက်
တပ်ဆင်ပြုပြင်ရေး
09 440 655 502
09 421 022 050

### သားအဖြစ်မှစွန့်လွှတ်ကြောင်း ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ပွင့်ဥမ္မာမြင့်[၁၂/ရကန(နိုင်)၀၁၂၂၂၁]မှ ၁၃-၁၀-၂၀၁၆ရက်တွင် ကြေးမုံသတင်းစာတိုက်၌ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာချက်အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပြီး ကိုသူရအောင်[၁၂/ဒဂမ(နိုင်)၀၂၇၈၈၀]အား သားအရင်းအဖြစ် ပြန်လည်သတ်မှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ပွင့်ဥမ္မာမြင့်**
**[၁၂/ရကန(နိုင်)၀၁၂၂၂၁]**

### အများသိစေရန်ကြေညာခြင်း

မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာ၊ ကွင်းအမှတ်(၆၄၉)၊ ကွင်းအမည်-ကညင်ပင်ကွင်း၊ ဦးပိုင်အမှတ်(N/၃၂)၊ အမှတ်(၂၄၆)၊ ဧရိယာ(၈. ၅၀)ဧကကို ဒေါ်အေးအေးမိုးက ပိုင်ရှင်ထံမှ ၂၁-၁-၂၀၁၇ရက်တွင် ဥပဒေနှင့်အညီ လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဇော်(မရမ်းကုန်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)**
**ဖုန်း-၀၉-၂၅၃၂၂၅၁၅၁**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးအုန်းမြင့်[၁၂/ကမတ(နိုင်)၀၄၃၂၁၄]နှင့် ဒေါ်တင့်တင့်[၁၂/ကမတ(နိုင်)၀၄၃၂၅၁]၏သမီးဖြစ်သူ မနွေးနွေးအောင်[၁၂/ ကမတ(နိုင်)၀၆၇၇၃၈]သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏ဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလည်း လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအုန်းမြင့်-ဒေါ်တင့်တင့်**

### ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄–ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်–၁၁၀၉၊ ဧရိယာပေ(၄၀×၆၀) ပမာဏရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အလုံးစုံတို့နှင့်စပ်လျဉ်း၍ အများသိစေရန်

ဒေါ်မြသန္တာအောင်[၁၂/သကတ(နိုင်)၁၅၂၅၃၇]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြသန္တာအောင်နှင့် ဦးသူရကျော်[၅/စကန(နိုင်)၁၆၃၀၁၃]တို့သည် ၁၅-၇-၂၀၀၇ရက်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းလာခဲ့ကြရာ မရူပါကျော် ဟူသည့် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။

ခင်ပွန်းဖြစ်သူ ဦးသူရကျော်၏ မူးယစ်ရမ်းကားအနိုင်အထက်ပြုမှုကြောင့် ဒေါ်မြသန္တာအောင်သည် အရွယ်မရောက်သေးသည့် သမီးငယ်မရူပါကျော်နှင့်အတူ မိဘများနေအိမ်သို့ ဆင်းလာခဲ့ရပါသည်။

ထို့ကြောင့် လင်မယားနှစ်ဦးပေါင်းသင်းစဉ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၂၄-ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်-၁၁၀၉၊ ဧရိယာပေ(၄၀×၆၀)ပမာဏရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်နေအိမ်နှင့် ဆိုင်ခန်းများအပါအဝင် အကျိုးခံစားခွင့် အလုံးစုံတို့နှင့် စပ်လျဉ်း၍ ဒေါ်မြသန္တာအောင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူ တစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းအစရှိသည့် တစ်နည်းနည်းလွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

သို့ဖြစ်၍ အထက်ပါ ကြေညာချက်အတိုင်း မလိုက်နာဘဲ ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးဝင်းမြင့် (LL.B) (စဉ်-၆၀၃၇) ဒေါ်နီနီလွင် (LL.B, D.B.L) (စဉ်-၈၉၆၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၂၅၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

NELC
Don't Worry, Just Speak!

Communicative English Classes

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
*၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
*(၁၀)နှစ်ပြည့် အထူးအစီအစဉ် နိုဝင်ဘာလမှဇန်နဝါရီ လများတွင်
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ် ကားသေးနဲ့သွားပြီး ဟိုတယ်(၄)ညအိပ်ပါ ထွက်ခွာပါမည်။ရက်များမှာ-
(6.Dec ပိဋကတ်သုံးပုံပွဲ )(24.Dec)(14.Jan)(28.Jan)၊(၇)ညအိပ်(၈)ရက်ခရီးစဉ်
(23.Dec) (Hotel)သီးသန့်ခရီးစဉ်(၅)ခုကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
*ဆက်သွယ်ရန်ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ဈေးကွန်ဒို၊ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ရန်ကုန်ဖုန်း-၀၉-၅၀၁၂၄၇၀၊၀၉-၅၀၇၂၉၈၄၊၀၉-၇၃၂၄၁၆၈၇၊၀၉-၉၆၄၂၁၁၆၆၈၊
၀၁-၂၃၀၅၉၂၈၊မန္တလေးဖုန်း-၀၉၄၄၄၀၃၀၂၇၀၊၀၉၇၉၀၉၀၉၉၂၄-ပဲခူးဖုန်း-
၀၉-၇၉၆၉၄၁၇၀၇-တောင်ကြီးဖုန်း-၀၉- ၂၅၉၆၂၆၂၆၉၊၀၈၁- ၂၀၂၄၈၉၉

MIA Travel & Tours မှ စီစဉ်သော
ပြည်ပခရီးသွားလိုင်စင် (၀၀-၀၇၀၀)
မြင့်မြတ် (အိန္ဒိယ+နီပေါ)
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ
ထွက်ခွာမည့်ရက်များ

ဘုန်းကြီးကျောင်းတည်း (၁၄ညအိပ်/၁၅ရက်)
သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန
(ဝေသာလီ၊ နာလန္ဒာ၊ ရာဇဂြိုလ်၊ တာ့ချ်မဟာ၊ နယူးဒေလီ)
ဟိုတယ်တည်း (၇ညအိပ်/၈ရက်)
သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန
(ဝေသာလီ၊ နာလန္ဒာ၊ ရာဇဂြိုလ်) ညမောင်းလုံးဝမပါရှိပါ။

(၁၄ညအိပ်/၁၅ရက်)
ဒီဇင်ဘာ ၂၃၊ ဇန်နဝါရီ ၁၇
ဖေဖော်ဝါရီ ၂၄၊ ဧပြီ ၇
(၇ညအိပ်/၈ရက်)
ဒီဇင်ဘာ ၂၊ ဖေဖော်ဝါရီ ၁
မတ် ၁၊ ဧပြီ ၁၂

တိုက်(A-1)၊ အခန်း(502)၊ ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
01-519415, 09-453300339, 09-453300449, 09-777565449, 09-777567449

NANYENG INTERNATIONAL COLLEGE
"YOUR SUCCESS IS OUR GOAL"

International Qualifications Network IQN (UK)
အသိအမှတ်ပြုချီးမြှင့်သည့် Single Subject Diploma သင်တန်းများ
ထူးချွန်ကျောင်းသား/သူများအတွက် Exam Fees ကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေးနှင့်
အစောဆုံးအပ်သော ကျောင်းသားများအတွက် Early Bird Discount များ ရရှိနိုင်မည့်အခွင့်အရေး

**Diploma in Human Resource Management** [Saturday Only (4 Months)]
U Aung Kyaw Soe
B.Com(Q)., M.Com, Dip in Accounting (LCCI III )
(1:00 PM to 4:00 PM)
(Dec 16th စမည်)

December စမည်။

**Diploma in Marketing** [Saturday Only (4 Months)]
Daw Nyein Nyein Hlaing
(B.Com (Hons)., M.Com)
(4:30 PM to 7:30 PM)
(Dec 16th စမည်)

**Certified Strategic Manager** [Saturday Only (4 Months)]
Daw Khine Khin Phyu B.A(UFL).,
MBA(JCU).,Ph.D ( Candidate)
(4:00 PM to 7:00 PM)
(Dec 9th စမည်)



ခြံအမှတ် ၁၂၄ (C)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် (နံ့ရန်ကျောင်းအနီး)
Tel : (09) 420118100, (09) 250640429, (09) 777456762 www.nic.com.mm

**Gold Backed ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်**
**ဝန်ထမ်းအလိုရှိသည်**
**(ပြည်တွင်း၌သာ ကျပ်ငွေဖြင့်ခန့်ထားရန်)**

- စာပေးစာယူဝန်ထမ်း ကျား(၅) ဦး၊ ပညာအရည်အချင်း (၁၀)တန်း၊ ရုံးပြင်ပတွင် စာယူ/စာပို့ရမည်။
- အသက် (၂၀-၃၅) နှစ်အတွင်းဖြစ်ရမည်။
- ကြော်ငြာပါပြီး (၁)ပတ်အတွင်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ အခန်း-၁၀၂၊ တိုက်(ဘီ)၊ ပထမထပ်၊ ရွှေဂုံတိုင်တာဝါ၊ အမှတ်-၂၁၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ (ကမ္ဘောဇဘဏ် အနောက်ဘက်ဝင်း)၊ ရန်ကုန်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၁-၅၅၄၃၀၇၊ ၅၅၂၈၄၉၊ ၀၉-၅၁၄၂၇၇၃၊ ၀၉-၄၃၀၈၈၆၁၃**

9.75 %* p.a.

Fixed Deposit
For (90) Days

ဒီအထူး အတိုးနှုန်းနဲ့ အခုပဲ ငွေစုလိုက်ပါ။



အချိန်ကာလ သတ်မှတ်ထားပါသည်။

Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.

ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

FORWARD (YGN) Travel & Tour Co., Ltd

ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။

- ကျိုက်ထီးရိုးဆံတော်ရှင်၊ ဆောင်နိုင်ကြီးရေတံခွန် (နေ့ချင်းပြန်-စရိတ်ငြိမ်း)(စနေ၊ တနင်္ဂနွေ)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ(၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွာင် (၄)ရက်
- မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်

အပတ်စဉ်-သောကြာ

ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးသည်။

ခရီးစဉ်တိုင်း အဆင့်မြင့် ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး
အားလုံးစရိတ်ငြိမ်း လမ်းခရီးတွင် မည်သည့်စရိတ်မျှထပ်မံပေးဆောင်ရန်မလို

09259259180, 09259259181, 09259259182

လောကနတ်

ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ) (Hotel - ငြိမ်း) 100000
ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) 33000
ချောင်းသာ (Guest - ငြိမ်း) 35000
(နေ့စဉ်) (Hotel - ငြိမ်း) 40000
ငွေဆောင် (Hotel - ငြိမ်း) 50000
(နေ့စဉ်) (Hotel+တား) 40000

ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။

Ph : 09 426223380, 09 426223390

စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ 50000 လွိုင်ကော်ပါ(၅)ရက်။ 65000
- ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 37000
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။ 50000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၅)ရက်။ 65000
- ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက်။ (Hotel တည်း စရိတ်ငြိမ်း) 75000
- သီပေါ၊ ဇော်ကြို၊ ဟော်နန်း၊ Little Bagan၊ နန်းဟူးနွဲ၊ ဒုဋ္ဌဝတီ 65000
- ကဗျာဝ၊ ဒေါင်းဆေးကျွန်း၊ ဘီလူးကျွန်း၊ ကျိုက္ကမီ၊ စက်ခဲ 40000
- ရွှေသိဝလိဂြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ စပ်လဲရေတံခွန်၊ ပဲခူး 20000
- ကျိုက်ထီးရိုး၊ ကျိုက်ပိရဟန္တာ၊ မဲလဲ၊ စိမ်းလဲ့တင်၊ ဒေးစွန်ပါ 20000

ကျိုက်ထီးရိုး 10000 (နေ့စဉ်)
ချောင်းသာ 12000 (နေ့စဉ်)

Nov 17,18,24,25
Dec 1,2,8,9,15,16

ကားစီးလုံးငှားသည်။

AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။

မြို့တွင်း / မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

AIR KBZ

ချင်းမိုင်

AIR KBZ Holidays "Chiang Mai" Package Tours

4D/3N
US$ 314 — 1st Nov 2017 to 6th Nov 2017
US$ 304 — 7th Oct 2017 to 31st Oct 2017, 7th Nov 2017 to 30th Nov 2017

5D/4N
US$ 334 — 1st Nov 2017 to 6th Nov 2017
US$ 324 — 7th Oct 2017 to 31st Oct 2017, 7th Nov 2017 to 30th Nov 2017

လေယာဉ်လက်မှတ်၊ Airport Taxes၊ ဟိုတယ်၊ အစားအသောက်၊
Transportation, Sightseeing Tours, Show များကြည့်ရှုမည့်အစီအစဉ်များပါဝင်ပါသည်။

ချာဗိုသား

သောကြာအပတ်စဉ်

(35000)
(55000)
(55000)
(35000)
(30000)

Ph:09425334456,09250233599,0949323965

FAIR & SQUARE Travels and Tours Co., Ltd.

အပတ်စဉ် သောကြာညထွက်တနင်္ဂနွေညပြန်ရောက်ခရီးစဉ်...
-ကျိုက်ထီးရိုးနှင့်မော်လမြိုင်ဘုရားစုံ ၂၀၀၀၀/-ကျပ်
